# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊

*စာမျက်နှာ ၃ ကော်လံ ၁ ➜*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်စဉ်။

**ယနေ့ ဖတ် စ ရာ**

**အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး ပထမနေ့ ကျင်းပ**

ပြည်တွင်းသတင်း | စာ ၈

**Zero – sum thinking ကို လွန်၍ အားလုံးအတွက် မျှတသည့် အနိုင်ယူခြင်းဟူသည် ...**

ဆောင်းပါး | စာ ၁၀

**၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဥ္စမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၆၁၃ တွဲ ရောင်းချနိုင်ခဲ့**

ပြည်တွင်းသတင်း | စာ ၁၆

# တစ်မျိုးသားလုံးညီညွတ်ရေး အခိုင်အမာတည်ဆောက်ထားရန်လို

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် နိုင်ငံများစာရင်း၌ ဝင်၍ ကမ္ဘာ့နိုင်ငံများစွာတို့၏နောက်တွင် ကျရောက်နေသည်မှာ ပကတိအရှိတရားပင်ဖြစ်သည်။ ယင်းသို့ဖြစ်ရခြင်း၏ အကြောင်းအရင်းကို အဖြေရှာလျှင် ကိုလိုနီဘဝမှ လွတ်မြောက်ပြီးနောက် လွတ်လပ်သည့်နိုင်ငံဘဝတွင် အမျိုးသားစည်းလုံးညီညွတ်ရေး ပြိုကွဲခဲ့ခြင်း၊ ငြိမ်းချမ်းမှုမရှိခြင်းတို့ကြောင့်ဟူသည့် အဖြေကို တွေ့ရှိနိုင်သည်။ ယနေ့ကမ္ဘာ့ထိပ်တန်းစာရင်းဝင်နေသည့် နိုင်ငံများကို လေ့လာမည်ဆိုလျှင် လူမျိုး၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု မတူညီကြသူများ အတူတကွ စည်းလုံးညီညွတ်စွာလက်တွဲ၍ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ခဲ့ကြခြင်းကြောင့် ဖြစ်သည်ကိုလည်း တွေ့ရှိနိုင်သည်။

မတူကွဲပြားခြားနားသူများ အတူတကွပေါင်းစည်းကာ လူမျိုးတစ်မျိုးအဖြစ် နေထိုင်ကြခြင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက အလယ်ပစ္စယံညီလာခံမိန့်ခွန်းတွင် "လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။ အမျိုးအနွယ် ကိုးကွယ်သည့်ဘာသာတရား ပြောဆိုသည့်ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာ ဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏" ဟူ၍ ပြောကြားခဲ့သည်။ သို့ဖြစ်ရာ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုး၊ ဒေသအလိုက် ပြောစကားပေါင်း ၂၄၂ မျိုးတို့ နှစ်ရာစုပေါင်းများစွာ အတူတကွ နီးနီးစပ်စပ် အကျိုးချင်းထပ်၍ နေထိုင်လာကြသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသူနိုင်ငံသားများအနေဖြင့် "ငါတို့အားလုံး မြန်မာ" ဟူသည့်စိတ်ထားကို ထားရှိကြမည်ဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် အမျိုးအနွယ်သည်လည်းကောင်း၊ ဗုဒ္ဓ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ စသည့် ကိုးကွယ်သည့်ဘာသာတရားသည်လည်းကောင်း၊ လူမျိုးအလိုက် ပြောဆိုကြသည့် ဘာသာစကားတို့သည်လည်းကောင်း အလေးထားကြရမည်ဖြစ်သည့်တိုင် အေးအတူပူအမျှ ဆန္ဒတူညီစွာ နေထိုင်ကြခြင်း၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးရင်းသားရင်း စိတ်ဓာတ်နှင့် သံယောဇဉ်တရားတို့မှ ဖြစ်ပေါ်လာသည့် အပြန်အလှန် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကသာ ဝံသာနုရက္ခိတတရား၏ အခြေခံဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာ့ရေးရာများမှာ ကမ္ဘာသူ ကမ္ဘာသားတို့ စိုးရိမ်ကြောင့်ကြမှုဖြင့် စောင့်ကြည့်နေကြရသည့် အခြေအနေဖြစ်သည်။ အင်အားပြိုင်ဆိုင်မှုများ၊ တင်းမာမှုများ တစ်စတစ်စမြင့်တက်လာသည့်အခြေအနေများက ကမ္ဘာကြီးကို အန္တရာယ်ချောက်ကမ်းပါးစွန်းသို့ တွန်းပို့နေသည့်နှယ်ပင်ဖြစ်သည်။ အကယ်၍သာ အင်အားကြီးတို့ ထိပ်တိုက်ရင်ဆိုင်တွေ့ကြပြီဆိုပါလျှင် မိမိတို့ကဲ့သို့သော နိုင်ငံငယ်ကလေးမှာ ကျွဲနှစ်ကောင်ခတ်သည့်ကြားမှ ဖားသူငယ်ပမာ အချိန်မရွေး ပျက်စီးကြေမွပျောက်ကွယ်သွားနိုင်သည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်ရာ ပြည်တွင်းအားကို ညီညွတ်စွာ စုစည်းထားပြီး ခိုင်မာတောင့်တင်းအောင် တည်ဆောက်ထားနိုင်မှ တန်ကာကျမည့်အခြေအနေတွင် မိမိတို့မှာ လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများနှင့် ထွေးလုံးရစ်ပတ်နေရသည်။

လွတ်လပ်ရေးရပြီးကတည်းက ယခုအချိန်အထိ မပြီးဆုံးနိုင်သည့် လက်နက်ကိုင်သံသရာသည်လည်းကောင်း၊ အကြမ်းဖက်တိုက်ခိုက်သောင်းကျန်းဖျက်ဆီးမှုများသည်လည်းကောင်း နိုင်ငံနှင့်ပြည်သူတို့ကို အောက်တန်းနောက်တန်းဆီသို့သာ ကျရောက်စေသကဲ့သို့ ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထု၏ ပကတိအလိုဆန္ဒနှင့်လည်း ဆန့်ကျင်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒနှင့်အညီ ပြည်ထောင်စုကြီးတစ်ဝန်းလုံး ငြိမ်းချမ်းစေရန်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအပါအဝင် မြန်မာတစ်မျိုးသားလုံး ညီညွတ်ကြရန်လိုသည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် နေထိုင်ကြသူများအကြား စည်းလုံးညီညွတ်မှု ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ငြိမ်းချမ်းမှုကပါ တစ်ပါတည်းဖြစ်ပေါ်လာမည်ဖြစ်သည်။

မိမိတို့အားလုံး ဖြတ်သန်းနေကြရသည့် ပစ္စုပ္ပန်ကာလ ပြည်တွင်းပြည်ပ အခြေအနေတို့အရ မိမိတို့တစ်မျိုးသားလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ထားကြရန်နှင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး စွမ်းအားတို့ကို မြှင့်တင်ထားကြရန် လိုအပ်သည့်အချိန်သို့ ကျရောက်နေပြီဖြစ်ရာ "ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံး ညီညွတ်စို့" ဟူ၍ ကြွေးကြော်တိုက်တွန်းလျက် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါကြောင်း။ ။

## သွားဘက်ဆိုင်ရာ ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေး အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၂

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် တုန့်ခိုင်းမမီခန်းမ၌ နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် သွားဘက်ဆိုင်ရာ ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေးအစီအစဉ်အဖြစ် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးပိုင်စိုးက သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့်အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကျင့်ဝတ် (Ethical Priniples & Professionalism in Dental Practice) ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၊ အလုပ်သင်ဆရာဝန်များ စုစုပေါင်း ၂၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
- ★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## ဒဂုံမြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ်လျှော့ချရေး အသိပညာပေးဟောပြောပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၂

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုးက မီးခိုးမြူငွေ့အန္တရာယ် ဝိုင်းဝန်းစုပေါင်း ဒို့ကာကွယ်ခေါင်းစဉ်ဖြင့် မီးခိုးမြူငွေ့အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုတွင် ပါဝင်သော လေထုညစ်ညမ်းစေသော အရာများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်စေသော အဓိက အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှု၏ ဆိုးကျိုး သက်ရောက်မှုများ၊ လူသားတို့တွင် ဖြစ်ပေါ်စေနိုင်သောရောဂါများ၊ ကြိုတင်ကာကွယ်ရမည့်နည်းလမ်း၊ မြန်မာနိုင်ငံ မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အခြေအနေ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးအတွက် လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ အစရှိသည်များကို အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ အန္တရာယ်ရှိသော အလွန်သေးငယ်သည့် PM 2.5 နှင့် ပတ်သက်သည့် အသိပညာပေး ဗီဒီယိုကလစ်ကို ကျောင်းသားကျောင်းသူများအား ပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

❍ *ရှေ့ဖုံးမှ*

အင်ဂျင်နီယာ ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကျောင်းသား ကျောင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသီချင်းများ၊ သရုပ်ဖော်အကများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အဖွင့်ဂုဏ်ပြုမိန့်ခွန်း

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )



အားလုံးမင်္ဂလာပါ။

မြန်မာ့ တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများ၊ ဆက်စပ်နီးနွယ်ပညာရှင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်ကြပါစေ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဆေးပညာကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းမြှင့်တင်နိုင်သူများဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲတွေကို ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆိုရင် (၂၃) ကြိမ်မြောက် ကျင်းပနိုင်ပြီဖြစ်ပါတယ်။ ယခုနှစ်ညီလာခံကို **"တိုင်းရင်းဆေးပညာ သင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်စေရန်" "တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်" "အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်" "မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်"** ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပသွားမယ်လို့ သိရပါတယ်။ ညီလာခံနဲ့နှီးနှောဖလှယ်ပွဲတွေကို နှစ်စဉ်ကျင်းပပေးနေရခြင်းက မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ ပြည်သူလူထုရဲ့ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးတွေနဲ့ ထိထိရောက်ရောက် စောင့်ရှောက်ကုသမှုပေးခဲ့ကြတဲ့ အစဉ်အလာအတိုင်း ပြည်သူလူထုရဲ့ ကျန်းမာရေးကို မိမိနိုင်ငံရဲ့ တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးတွေနဲ့ ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး ရည်ရွယ်ပြုလုပ်ပေးခြင်း ဖြစ်ပါတယ်။

ဒီနေ့အချိန်အခါဟာ နိုင်ငံတော်ရဲ့ အမျိုးသားရေးဦးတည်ချက် တစ်ရပ်ဖြစ်တဲ့ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မယ့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လူသားအရင်းအမြစ်ဟာ အဓိကကျပြီး ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနဲ့သာ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမြင့်မားလာစေရေးအတွက် ပုံဖော်စွမ်းဆောင်နိုင်မယ့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ဖွင့်လှစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါတယ်။

ပြည်သူများရဲ့ မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာစေဖို့နဲ့ လူတိုင်းလက်လှမ်းမီ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အားလုံးရရှိစေဖို့အတွက် တိုင်းရင်းဆေးသမားတော်များနဲ့ လုပ်ငန်းရှင်များကလည်း တိုင်းရင်းဆေးကဏ္ဍကနေ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တွေဖြစ်တဲ့ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယ ဆိုတဲ့ နယကြီးလေးပါးကို အခြေတည်ပြီး လက်တွေ့ ပျောက်ကင်းအောင် ကုသနိုင်ခဲ့တဲ့ ကုထုံးများ၊ စာပေမှတ်တမ်းများ၊ ခေတ်အဆက်ဆက် ရေးသားခဲ့တဲ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်တွေနဲ့ ဆေးကျမ်းတွေဟာ တန်ဖိုးအလွန်ကြီးမားပါတယ်။ ဒါ့ကြောင့်လည်း မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ဆင့်ကမ်းမျှဝေပေးဖို့နဲ့ ပိုမိုတိုးတက်လာစေဖို့ကတော့ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးတွေရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။

ဒီနှစ် နှီးနှောဖလှယ်ပွဲမှာ စာတမ်း (၁၃) စောင်ကို ဖတ်ကြားသွားမယ်လို့ သိရပါတယ်။ အဲဒီစာတမ်းတွေမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာဆေးဝါးတွေ၊ ကုထုံးတွေ ပါဝင်နေတာ တွေ့ရှိရတဲ့အတွက် တိုင်းရင်းသားတွေ လက်တွေ့အသုံးပြုနေတဲ့ အဆိုပါဆေးဝါးတွေနဲ့ ကုထုံးတွေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ အလေးထားမှာကြားလိုပါတယ်။

ဆက်လက်ပြီးတော့လည်း အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းတဲ့၊ အကျိုးအာနိသင်ရှိတဲ့ တိုင်းရင်းဆေးဝါးတွေကို အများပြည်သူသုံးစွဲနိုင်ဖို့ အတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ပြီး မှတ်တမ်းတင်ထားရှိဖို့လိုပါတယ်။ ဆောင်ရွက်ပြီး သုတေသနတွေကို မှတ်ကျောက်တင်နိုင်ဖို့အတွက် နှစ်စဉ်စာတမ်းဖတ်ပွဲတွေကို ကျင်းပပေးခဲ့ရာမှာ ယခုနှစ်မှာ (၁၃) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ကျင်းပနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးသမားတော်တွေ၊ သုတေသနပညာရှင်တွေ၊ ဆေးဝါးပညာရှင်တွေ၊ နီးနွယ်ပညာရှင်တွေနဲ့ တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေအားလုံးတို့က မျက်ခြည်မပြတ် ဆန်းစစ်လေ့လာပြီး ကြိုးပမ်းအားထုတ်ကြရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကပြုလုပ်ခဲ့တဲ့ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဆောင်ရွက်ခဲ့မှုတွေကို မှတ်တမ်းစာအုပ်အဖြစ် ပြုစုထားတာတွေ့ရလို့ ဝမ်းသာမိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ တိုင်းရင်းဆေးဆိုင်ရာကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းဆေးပညာကို ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတကာကို ပညာသင်များစေလွှတ်ပြီး နည်းပညာများ သင်ယူခြင်း၊ မျှဝေခြင်း၊ မိမိနိုင်ငံနဲ့ လိုက်လျောညီထွေ ပြန်လည်အသုံးချပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တာတွေ လုပ်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) နဲ့ တရုတ်နိုင်ငံ၊ ယူနန်တိုင်းရင်းဆေးတက္ကသိုလ်တို့ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့မှာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပြီး တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးရေးအတွက် လမ်းညွှန်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေတာတွေ့ရလို့ ဝမ်းမြောက်မိပါတယ်။

နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ တိုင်းရင်းဆေးပညာနဲ့ ပါဝင်အားဖြည့်နိုင်ဖို့အတွက် တိုင်းရင်းဆေးကဏ္ဍကို အလေးအနက်ထား ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ အားပေးမှုနဲ့အတူ တိုင်းရင်းဆေးပညာရှင်များကလည်း ပြည်သူလူထုရဲ့ ကျန်းမာရေးကို အစဉ်အမြဲ စောင့်ရှောက်ပေးနေတာ တွေ့ရပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်နဲ့ ကပ်ရောဂါများ တွေ့ကြုံရင်ဆိုင်လာရင်လည်း ပြည်သူကို တိုင်းရင်းဆေးပညာနဲ့ စောင့်ရှောက်ကူညီပေးနေတာတွေ့ရလို့ ကျေနပ်အားရမိပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်တဲ့ တိုးတက်ကောင်းမွန်လာတဲ့ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြုပြီး (MSME) စက်မှုလုပ်ငန်းတွေကို အားပေးဆောင်ရွက်ရေးနဲ့ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တိုင်းရင်းဆေးကုန်ကြမ်းတွေကို အခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်ကုန်တွေရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) တွေကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနဲ့ပတ်သက်ပြီး (MSME) လုပ်ငန်းတွေကို အိမ်တွင်း စက်မှုလုပ်ငန်းအဆင့်သာမဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်မှသည် ပြည်ပပို့ကုန်အထိ ဖြစ်စေရေးအတွက် တိုင်းရင်းဆေးဝါးတွေကို အရည်အသွေးမြှင့်တင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေးကို အထောက်အပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာ အဆိုအရ သက်ရှည်ကျန်းမာပြီး ရောဂါဘယကင်းရှင်းနိုင်စေဖို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်လေးပါးနည်းစနစ်နဲ့အညီ ပြုမူနေထိုင် စားသောက်ရင် ကျန်းမာခြင်းအကျိုးရရှိမှာ ဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာရှင်တွေက ကျေးလက်ဒေသအောက်ခြေအထိ ကွင်းဆင်းဆေးကုသခြင်းနဲ့အတူ ပြည်သူလူထုကို တိုင်းရင်းဆေးပညာ နည်းစနစ်တွေ နေ့စဉ်မျှတစွာ ပြုမူနေထိုင် စားသောက်တတ်ကြစေဖို့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာတွေ့ရတဲ့အတွက် ဝမ်းသာကျေနပ်အားရမိပါတယ်။ ယခုထက်ပိုမိုပြီး ဆောင်ရွက်ကြဖို့လည်း တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပပေးတဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူလူထုရဲ့ကျန်းမာရေးကို တိုင်းရင်းဆေးပညာနဲ့ အရှည်တည်တံ့စွာ စောင့်ရှောက်နိုင်ပြီး ပြည်သူတွေအနေနဲ့လည်း တိုင်းရင်းဆေးပညာကို ပိုမိုယုံကြည်လေးစား အားကိုးအားထားပြုနိုင်ကြစေဖို့ ဖြစ်ပါတယ်။ ဒီလိုရည်မှန်းချက်နဲ့တွေ့ဆုံကြတဲ့ ဒီညီလာခံကြီးမှာ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နီးနွယ် ဆက်စပ်ဝန်ကြီးဌာနတွေက ပညာရှင် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနဲ့ ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းဆေးပညာရှင်များ ချစ်ခင်ရင်းနှီးစွာဖြင့် စုပေါင်းညီညာတိုင်ပင်ဆွေးနွေး နှီးနှောနိုင်ကြပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်ပြီး ပြည်သူလူထုရဲ့ကျန်းမာရေးကို အရည်အသွေးပြည့်ဝစွာနဲ့ ပိုမိုတိုးမြှင့် စောင့်ရှောက်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်စဉ်။**

❑ *ကျော်ဖုံးမှ*

အခမ်းအနားသို့ (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှအရာရှိကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအသင်း/အဖွဲ့များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကြီးနှင့် မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းဆေးသမားတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၊ ဆေးပစ္စည်းလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးရုံများ၊ တိုင်းရင်းဆေးတက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



**ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးမိတ်နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဗဟိုဥက္ကဋ္ဌ ဦးသိန်းဝင်းတို့ (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တာဝန်ရှိသူများနှင့်အတူ တိုင်းရင်းဆေးပညာဦးစီးဌာန ပြခန်းနှင့် ခင်းကျင်းပြသထားသည့် ဆေးဝါးပြခန်းများကို ကြည့်ရှုအားပေးစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပထမဆုရရှိသည့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ (ပဲခူး)ကို လုပ်ငန်းစွမ်းဆောင်ရည်ဆု ပေးအပ်ချီးမြှင့်စဉ်။**

ဦးစွာ (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးမိတ်နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်၍ဖွင့်လှစ်**

ထို့နောက် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်သည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့်ဂုဏ်ပြုမိန့်ခွန်း VideoMessage ကို ဖွင့်လှစ်ပြသသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားသည့် အဖွင့်ဗီဒီယိုမိန့်ခွန်း အပြည့်အစုံအား စာမျက်နှာ ၄ တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်

*စာမျက်နှာ ၆ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၅ မှ*

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုင်းရင်းဆေးဝါးများနှင့် ရိုးရာဆေးပညာကုထုံးများရှိခဲ့ကြပြီး အနောက်တိုင်းဆေးပညာများ၊ ခေတ်မီဆေးဝါးများနှင့် ဆေးကုသမှုအတတ်ပညာများ မပေါ်ပေါက်မီကပင် ရိုးရာတိုင်းရင်းဆေးများ၊ ရိုးရာဆေးကုထုံးများနှင့် ကျန်းမာရေးကိုစောင့်ရှောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

**မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့သည်မှာ နှစ်ပေါင်းထောင်ချီရှိခဲ့ပြီ**

မိမိတို့နိုင်ငံတွင်လည်း ရှေးမြန်မာမင်းများ လက်ထက်ကစပြီး မိမိတို့၏ ရေမြေသဘာဝ တောတောင်များကရရှိသည့် ဆေးဖက်ဝင်ပစ္စည်းများနှင့် ကုသခြင်း၊ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီကာလ ရှိခဲ့ပြီဖြစ်ကြောင်း၊ ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်တွင် ဆရာတော်များ၊ သမားတော်များက အာယုဗ္ဗေဒ ဆေးကျမ်းများကို သက္ကတဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ တိုင်းရင်းဆေးကျမ်းများ ပြုစုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ မင်းတုန်းမင်းလက်ထက်တွင် မြန်မာ့တိုင်းရင်းဆေးပညာဖြစ်သည့် ဒေသနာနယဆေးပညာနည်းစနစ် တောင်သာခြောက်လုံးကောက်ဆေးပညာကို တောင်သာဆရာကြီးဆရာမှုန့်က တီထွင်ခဲ့ကြောင်း၊ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသည့်အထူးကျွမ်းကျင်သောဆေးဆရာကြီးများကို ဘုရင့်သမားတော်အဖြစ် ခန့်အပ်ပြီး "နေမျိုးဘိသက္ကရာဇာ" ဘွဲ့ကို ပေးအပ်ချီးမြှင့်လေ့ရှိခဲ့ကြောင်း။

**နိုင်ငံတော်က တိုင်းရင်းဆေးပညာကဏ္ဍကို မြှင့်တင်ပေးလျက်ရှိ**

နိုင်ငံတော်က တိုင်းရင်းဆေးပညာကဏ္ဍကို မြှင့်တင်ပေးလျက်ရှိကြောင်း၊ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် တိုင်းရင်းဆေးပညာ ဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်းတိုးမြှင့်ပေးသည့်အတွက် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုလျင်မြန်လာခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်က မန္တလေးမြို့တွင် တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်ခဲ့ပြီး မျိုးဆက်သစ်များကို မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့များ အပ်နှင်းနိုင်ခဲ့ကြောင်း၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းရင်းဆေးခြင်းအား ဂါရဝပြုပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီဆိုဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆေးခြင်း ပေးအပ်စဉ်။

တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများကို အခါအားလျော်စွာ လုပ်ဆောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ကစပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ (၂၃) ကြိမ်မြောက် ကျင်းပနေပြီဖြစ်ကြောင်း။

ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များအနေဖြင့် **"တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်စေရန်" "တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်" "အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်" "မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်"** တို့ဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များ အောင်မြင်ရန် အကောင်အထည်ဖော်နိုင်မည့် ရှေ့လုပ်ငန်းစဉ်များကို ယခုကျင်းပသည့် ညီလာခံတွင် ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်အားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးအနက်ထားပြီး အားပေးချီးမြှောက်ပေးလျက်ရှိနေသလို တိုင်းရင်းဆေးပညာရှင်များကလည်း ကြိုးစားအားထုတ်နေသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ထိုသို့ ကြိုးစားအားထုတ်ကြရာတွင် ကျင့်ဝတ်နှင့်အညီ စည်းကမ်းတကျဖြစ်စေရန် တိုင်းရင်းဆေးကောင်စီဥပဒေ၊ တိုင်းရင်းဆေးဝါး ဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

**၂၀၂၅ ခုနှစ် ပညာသင်နှစ်ကစတင်ပြီး ပါရဂူသင်တန်းများကို ဖွင့်လှစ်နိုင်တော့မည်**

ယခုအခါတွင် တိုင်းရင်းဆေးတက္ကသိုလ်က မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဘွဲ့ရအဆင့်မှ တိုင်းရင်းဆေးပညာ မဟာဘွဲ့အဆင့်အထိလေ့ကျင့်မွေးထုတ်ပေးနေပြီဖြစ်သလို နိုင်ငံတော်အစိုးရ၏ ချီးမြှောက်ပံ့ပိုးမှုနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ပါရဂူဘွဲ့အထိ ပေးအပ်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ပညာသင်နှစ်ကစတင်ပြီး ပါရဂူသင်တန်းများကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း။

တိုင်းရင်းဆေးညီလာခံကြီး ကျင်းပခြင်းသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာအစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်နှင့် အတွေ့အကြုံရှိသည့် ဝါရင့်တိုင်းရင်းဆေးသမားတော်ကြီးများနှင့် မျိုးဆက်သစ်လူငယ်များက သိမှုသုံးဖြာဖြစ်သော ရောဂါဆိုင်ရာ၊ ကုထုံးဆိုင်ရာ၊ ဆေးဝါးဆိုင်ရာဆိုသည့် အတွေ့အကြုံ ဗဟုသုတများကို နှီးနှောဖလှယ်နိုင်ခြင်း၊ မျှဝေခြင်း၊ လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ညီလာခံကြီးက ဆွေးနွေးရရှိသည့် ဆုံးဖြတ်ချက်များ၊ ရလဒ်များက တစ်ဆင့် ပြည်သူလူထုကို အရည်အသွေးပြည့်ဝသည့် မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာကုထုံးများ၊ ဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်လာမည်ဖြစ်ပြီး ပြည်သူများကလည်း ဘိုးဘွားအမွေအနှစ်ဖြစ်သည့် တိုင်းရင်းဆေးပညာကို လေးစားတန်ဖိုးထားပြီး ပိုမိုယုံကြည်အားကိုးလာမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်များကလည်း အနာဂတ် မြန်မာ့တိုင်းရင်းဆေးပညာရပ် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ခေတ်နှင့်အညီ ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာ ကဏ္ဍများနှင့်လည်း ယခုထက် ပိုမိုချိတ်ဆက်လေ့လာပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင် အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူလိုက်ပါပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်း ဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့အပြင် ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသော ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများစသည့် မြန်မာ့တိုင်းရင်းဆေး ပညာရပ်များ၏ အနှစ်သာရအဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ယခုညီလာခံကြီးကနေ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရန် မှာကြားလိုကြောင်း။

**ကိုဗစ်-၁၉ ရောဂါကြုံတွေ့ခဲ့သည့် အချိန်တွင် တိုင်းရင်းဆေးနှင့် ကာကွယ်ကုသနိုင်ရေး သုတေသနပြုလုပ်အောင်မြင်ခဲ့**

ကိုဗစ်-၁၉ ရောဂါ ကပ်ရောဂါဘေးနှင့် ကြုံတွေ့ခဲ့သည့်အချိန်တွင် တိုင်းရင်းဆေးနှင့် ကာကွယ်ကုသနိုင်ရေးအတွက် တိုင်းရင်းဆေးဖုံ (ဝိသမအဖျားပျောက်ဆေး) ၏

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*
အကျိုးထိရောက်မှုကို သုတေသနပြုလုပ်အောင်မြင်ခဲ့ကြကြောင်း၊ ဆေးဝါး၏ အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ လတ်တလောနှင့် ရေတိုအဆိပ်အာနိသင်ဆိုင်ရာ စမ်းသပ်ခြင်း၊ ဆေး၏ခံနိုင်ရည်အား ကျန်းမာသည့် လူများပေါ်တွင် စမ်းသပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အတည်ပြု သာမန်လက္ခဏာရှိ လူနာများပေါ်တွင် ဆေးလက်တွေ့သုတေသနပြုစမ်းသပ်ခြင်း သုတေသနအဆင့်ဆင့် ပြုလုပ်ပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင် လျှောက်ထားရရှိခဲ့ပြီး ဆေးဝါးထုတ်လုပ်ကာ တိုင်းရင်းဆေးရုံများတွင် အသုံးပြုနိုင်ရေး အခမဲ့ဖြန့်ဝေအသုံးပြုနေပြီကို သိရှိရသဖြင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထို့အပြင် လေဘေး၊ ရေဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့သည့်အခါတွင်လည်း ပြည်သူလူထုကို တစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်းဆေးပညာနှင့် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ စောင့်ရှောက်ပေးကြသည်ကို တွေ့မြင်ရသည့်အတွက် အားရကျေနပ်စရာပင်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာ့တိုင်းရင်းဆေးဝါးများ အရည်အသွေးပြည့်ဝပြီး ဘေးကင်းလုံခြုံစိတ်ချရစေရေး၊ အရည်အသွေးပိုမိုပြည့်ဝသည့် တိုင်းရင်းဆေးဆရာလူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေးတို့အတွက် နိုင်ငံတော်၏ ပံ့ပိုးအားပေးမှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ ကြိုးပမ်းမှုဖြင့် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်လာခဲ့ရာ ယခုအခါ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ ၃ ရုံ၊ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ ၉ ရုံ၊ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၃ ရုံနှင့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၂၄ ရုံ၊ ခရိုင်တိုင်းရင်းဆေးခန်း ၅၀၊ မြို့နယ်တိုင်းရင်းဆေးခန်း ၂၁၀ ဖွင့်လှစ်၍ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်စောင့်ရှောက်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း။

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာပူးပေါင်းဆွေးနွေးဖလှယ်ခြင်းနှင့် တိုင်းရင်းဆေးဝါးများ အပြန်အလှန် ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများ ပြုလုပ်နိုင်ကြရန် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါး လုပ်ငန်းရှင်များက စဉ်ဆက်မပြတ် ဆန်းစစ်လေ့လာပြီး ကြိုးပမ်း ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းလိုကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့မှ ရရှိသော သဘာဝအရင်းအမြစ်များကို အသုံးပြုပြီး အာနိသင်ပြည့်ဝသည့် ဆေးဝါးများကို ကိုယ်တိုင်ဖော်စပ်ထုတ်လုပ်ပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြသည့်အစဉ်အလာကိုထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပထမဆုရရှိသည့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ (ပဲခူး)၊ ဒုတိယဆုရရှိသည့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ(တောင်ကြီး)နှင့် တတိယဆုရရှိသည့် ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ (ဘားအံ)တို့မှ ဆေးရုံအုပ်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိကြသည့် တိုင်းရင်းဆေးရုံများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိကြသည့် တိုင်းရင်းဆေးရုံများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက် မှတ်တမ်း Video ကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းရင်းဆေးပညာဦးစီးဌာန ပြခန်းနှင့် ခင်းကျင်းပြသထားသည့် ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တိုင်းရင်းဆေးခြင်းအား ဂါရဝပြုပေးအပ်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ (၂၃)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့တက်ရောက်၍ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်သည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် သီဆိုဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆေးခြင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

(၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ ညီလာခံသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာစုစုဒွေး (ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန)၊ ပါမောက္ခ ဒေါက်တာ ဦးမိတ် (ဥက္ကဋ္ဌ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့)၊ ဦးသိန်းဝင်း (မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) ) တို့က ဆောင်ရွက်ကြသည်။




### ပူးပေါင်းပါဝင်ဆွေးနွေးပေး

ဦးစွာ သဘာပတိက မြန်မာ့တိုင်းရင်းဆေးပညာ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများ၊ တိုင်းရင်းဆေးဆရာများနှင့် နှီးနွယ်ပညာရှင်များအနေဖြင့် မိမိတို့၏ပညာရပ်များကို မျိုးဆက်သစ်များအတွက် အထောက်အကူကောင်းများ ရရှိအောင် လက်တွဲညီညီ ပူးပေါင်းပါဝင် ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးကြည်ဝင်းက အဆိုပြုချက် အမှတ်(၁) ဖြစ်သည့် "ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှဦးဆောင်၍ တိုင်းရင်းဆေးပညာ သင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်" အဆိုကို တင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ပွင့်ဖြူဖြူသော်က ထောက်ခံဆွေးနွေးသည်။

အဆိုပြုချက် အမှတ်(၂)ဖြစ်သည့် "တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရေးအတွက် ဆွေးနွေးပွဲများ၊ မွမ်းမံသင်တန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်" အဆိုကို ကရင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်ဆုပိုမေက တင်သွင်းပြီး ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်နန်းယမင်းသူက ထောက်ခံဆွေးနွေးကြကာ ညီလာခံ နံနက်ပိုင်းအစီအစဉ်ကို ရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာစုစုဒွေး (ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန)၊ ဦးမြင့်ဦး (ဥက္ကဋ္ဌ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ)၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များဖြစ်သော ဦးလှမြင့်နှင့် ပါမောက္ခ အောင်ကျော်မင်းတို့က ဆောင်ရွက်ပြီး အဆိုပြုချက် အမှတ် (၃) ဖြစ်သည့် "တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်" အဆိုကို ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ခင်နေခြည်က တင်သွင်းပြီး တိုင်းရင်းဆေး တက္ကသိုလ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်မို့မို့အောင်က ထောက်ခံဆွေးနွေးသည်။

### ထောက်ခံဆွေးနွေး

အဆိုပြုချက်အမှတ် (၄) ဖြစ်သည့် "ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ကျောင်းသားလူငယ်အရွယ်မှစ၍ လေးစားတန်ဖိုးထားတတ်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်" အဆိုကို မကွေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးငြိမ်းချမ်းစိုး က တင်သွင်းပြီး ပဲခူးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့သော ဂုဏ်ပြုမိန့်ခွန်းနှင့် ( ၂၃ )ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ညီလာခံအဖွင့်မိန့်ခွန်းပါ မိန့်ကြားချက်များအား မှတ်တမ်းတင်ပြီး လုပ်ငန်းလမ်းညွှန်များအဖြစ် ခံယူဆောင်ရွက်သွားရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တင်သွင်းသည့် အဆိုပြုချက်များနှင့် ပတ်သက်၍ အစည်းအဝေး၏ ဆန္ဒသဘောထားရယူပြီး အဆိုများအား အတည်ပြုမှတ်တမ်းတင်သည်။

### တက်ရောက်အားပေး

ယမန်နေ့ကလည်း (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းတို့ တက်ရောက်အားပေးကြသည်။

နံနက်ပိုင်း နှီးနှောဖလှယ်ပွဲတွင် ဆေးဝါးတက္ကသိုလ်မှ ပါမောက္ခချုပ်(ငြိမ်း)၊ ပါမောက္ခ ဒေါက်တာ စန်းစန်းနွဲ့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့မှ ဦးစိုးဝင်းတို့က ဆောင်ရွက်သည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာ ရိုးရာကုထုံးနည်းစနစ်နှင့် ဆေးဝါးဆိုင်ရာစာတမ်း (၁၃) စောင်ကို ဖတ်ကြားပြီး နှီးနှောဖလှယ်ပွဲ တက်ရောက်လာကြသူများက စာတမ်းများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးအကြံပြုကြကာ ပညာရပ်များနှီးနှောဖလှယ်ကြသည်။

စာတမ်းများအပေါ် သဘာပတိက ဆွေးနွေးသုံးသပ်ရာတွင် ယခုနှီးနှောဖလှယ်ပွဲသည် တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာကုထုံးများကို ဖော်ထုတ်သောပွဲဖြစ်သည့်အတွက် လွန်စွာအရေးကြီးကြောင်း၊ ကုထုံးများနှင့်ပတ်သက်၍ မှတ်တမ်းတင်ထားရန်နှင့် တိမ်မြုပ်ပျောက်ကွယ် မသွားစေရန် နောင်လာနောက်သားများထံသို့ လက်ဆင့်ကမ်းအမွေပေးရမည်ဖြစ်ကြောင်း သုံးသပ်ဆွေးနွေး မှာကြားသည်။

**သတင်းစဉ်**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး ပထမနေ့ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၉ တွင် သီးခြားဖော်ပြထားပါသည်။)**

### သာသနာရေးဆိုင်ရာများ လျှောက်ထား

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ တရားနှင့်အညီ ထောက်ပံ့ပေးသော အာဏာစက် အကူအညီကိုရယူနိုင်ရေး၊ တစ်ပြည်လုံးရှိ ရဟန်းသာမဏေအားလုံးတို့သည် ဓမ္မဝိနယနှင့် အညီ စည်းကမ်းရှိရှိ စည်းလုံးညီညွတ်ကြရေး စသည်တို့ကို ယခုထက်ပိုမို၍ စွမ်းအားမြှင့် ထမ်းဆောင်ကြရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက အခြေအနေအချိန်အခါအားလျော်စွာ လမ်းညွှန်ဩဝါဒပေးတော်မူပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည က တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသ က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပဏ္ဍဝံသ က လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍည က လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

### ဆွေးနွေးဆုံးဖြတ်

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဋ္ဌကထာကျမ်းစာအုပ်များ၊ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုတည်းဖြတ်ပြီးစီးသော ပါဠိတော်အင်္ဂလိပ်ဘာသာပြန်ကျမ်းစာအုပ်များ၊ တိပိဋကပါဠိမြန်မာ အဘိဓာန် အင်္ဂလိပ်ဘာသာပြန်စာအုပ်များ နှင့် သဗ္ဗဇေယျမင်္ဂလာပရိတ်တော်နှင့် အန္တရာယ်ကင်း ဘုရားရှိခိုးအမျိုးမျိုး(၈၁)မျိုးတို့ ပုံနှိပ်ထုတ်ဝေရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားပြီး ပုံနှိပ်ပြီး စာအုပ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အဋ္ဌကထာကျမ်းစာအုပ်များကို မူလခဲစာလုံးမှ ကွန်ပျူတာမူသို့ ဆောင်ရွက်မှုအခြေအနေများကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး)မှ မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမုဒ က လည်းကောင်း၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကို အင်္ဂလိပ်ဘာသာပြန်ဆိုမှုနှင့်ပတ်သက်၍ လုပ်ငန်းဆိုင်ရာအခက်အခဲများ ဖြေရှင်းဆောင်ရွက်မှုများကို အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တနောဓိဉာဏ က လည်းကောင်း၊ စိစစ်တည်းဖြတ် ပြန်ဆိုပြီးစီးသော ပါဠိတော် အင်္ဂလိပ်ဘာသာပြန်စာအုပ်များကို စိစစ်တည်းဖြတ်မှုအခြေအနေ၊ ပုံနှိပ်ထုတ်ဝေရန် ဆောင်ရွက်နေမှု အခြေအနေများကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်ပသာသနာပြုဌာနခွဲ ညွှန်ကြားရေးမှူးက တင်ပြလျှောက်ထားခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

### ရှင်းလင်းပြသ

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါး ဆရာတော်ကြီးများအား ခင်းကျင်းပြသထားသည့် အဋ္ဌကထာစာအုပ်များ၊ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန် စာအုပ်များ၊ အဘိဓာန်စာအုပ်များ၊ အန္တရာယ်ကင်းပရိတ်တော်စာအုပ်များကို ရှင်းလင်းပြသသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အလှူရှင်များဖြစ်ကြသော သဒ္ဓမ္မဇောတိကဓဇ ဒေါ်ပြုံးဝေသီက အရုဏ်ဆွမ်းကို လည်းကောင်း၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) + ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက နေ့ဆွမ်းကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

---

# တနိုင်းမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**တနိုင်း နိုဝင်ဘာ ၂၂**



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို နိုဝင်ဘာ ၂၀ ရက်က ကချင်ပြည်နယ် တနိုင်းမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပွဲတော်မုခ်ဦးကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (တနိုင်း) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ကျော်ဖုန်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်လင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒေသကွပ်ကဲရေးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ပွဲတော်အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ခဲ့ကြသော ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ဒေသကွပ်ကဲရေးမှူးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံယူကြသည်။

ထို့နောက် ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် သုတ၊ ရသနှင့် ကလေးဖတ်စာအုပ်စာစောင်များ၊ နံရံကပ်ပိုစတာများနှင့် ဓာတ်ပုံများ ပြသထားရှိမှုကိုလည်းကောင်း၊ စာသင်ခန်းများအတွင်း စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် စကားပုံဆက်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများနှင့် အခြေခံပညာကျောင်းများအလိုက် ကျောင်းသား ကျောင်းသူများ၊ သင်ထောက်ကူပစ္စည်းများနှင့် ပညာရေးစွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း၊ ကျောင်းဝင်းအတွင်း ကျောင်းသားကလေးငယ်များအတွက် ဉာဏ်စမ်းပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ ကျင်းပနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**မနောမြေ**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထေရ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

[ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်) သောကြာနေ့]

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဤအစည်းအဝေးတွင် လောကဓံ၏ ရိုက်ခတ်မှုဒဏ်ကို ခံကြရသည့်အခါ ယောနိသောမနသိကာရ ထားတော်မူနိုင်ကြရန် အကြောင်းအားလျော်စွာ လျှောက်ထားလိုပါသည်ဘုရား။

ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ နယုန်လ၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ၌မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသံဃာတော်အားလုံးတို့၏ သမ္မုတိပေး ရွေးချယ်စေလွှတ်အပ်သော သမ္မုတိရသံဃာ့ကိုယ်စားလှယ် (၁၂၁၈) ပါးတို့ တက်ရောက်တော်မူကြသည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာဝင်မှတ်တမ်းများကို ပြဋ္ဌာန်းခဲ့ပြီး ထိုစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဓမ္မဝိနယများနှင့်အညီ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များနှင့် ဝိနည်းဓိုရ်များကို ဖွဲ့စည်းရွေးချယ်နိုင်ခဲ့ကြပါသည်ဘုရား။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အား တာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ထပ်ဆင့်တာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းသို့ပေးအပ်ခဲ့သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အားသွန်ခွန်စိုက် အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ အဋ္ဌမအကြိမ် သက်တမ်းတိုင်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် ဖြတ်သန်းခဲ့သောကာလများအတွင်း သာသနပစ္စတ္ထိက – သာသနာ့ရန်စွယ်အန္တရာယ်များ၊ သာသနာ့အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်စေခြင်း၊ အဓမ္မဝါဒများကို နှိမ်နင်းဖယ်ရှားတားဆီးနိုင်ခြင်း၊ ပရိယတ္တိစာမေးပွဲအသီးသီးကို စဉ်ဆက်မပြတ်ကျင်းပနိုင်ခဲ့ခြင်း၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကို အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် “သံဃာ့ကိစ္စ သံဃာဆောင်ရွက်” ဟူသောမူအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အနားယူအစားထိုးလုပ်ငန်းများကိုလည်း အကြိမ်အလိုက် လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစီမံချက်၊ ဓမ္မဝိနယများနှင့်အညီ မပျက်မကွက် အစားထိုးရွေးချယ်ဆောင်ရွက်ခဲ့ကြပါသည်ဘုရား။ လာမည့် ၂၀၂၅ ခုနှစ်တွင်လည်း သံဃနာယကအဖွဲ့အဆင့်ဆင့် အနားယူ အစားထိုးရွေးချယ်ပွဲများကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ရာ ၁၆–၇–၂၀၂၄ ရက်နေ့တွင် ကျင်းပသောအဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီ သတ္တရသမအစည်းအဝေးက သံဃနာယကအဖွဲ့အဆင့်ဆင့် အနားယူအစားထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် “၂၀၂၅ ခုနှစ် သံဃနာယကအဆင့်ဆင့် အနားယူအစားထိုးလုပ်ငန်းစီမံချက်ရေးဆွဲရေးအဖွဲ့” ကို ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်ဘုရား။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေးစာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်း စသည်တို့၌ ပြဋ္ဌာန်းဖော်ပြပါရှိသည့် သာသနာ့လုပ်ငန်းတာဝန်များကိုသာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါသည်ဘုရား။ ထိုလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထုကရွေးချယ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တို့မှတစ်ဆင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်သောတာဝန်ကို ထမ်းဆောင်နေခြင်းပင်ဖြစ်ပါသည်ဘုရား။ ယင်းသို့ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်းရဟန်းတော်များအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ပေးသနားတော်မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကို ဘုရားရှင်အလိုတော်ကျဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်ဘုရား။

(အံ၊ ၃၊ ၇)

ထိုသို့ သာသနာရေးကိစ္စများကိုဆောင်ရွက်ကြရာတွင် **“အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာ လောကံအနုပရိဝတ္တန္တိ၊ လောကော စ အဋ္ဌ လောကဓမ္မေ အနုပရိဝတ္တတိ။ ကတမေ အဋ္ဌ၊ လာဘော စ အလာဘော စ ယသော စ အယသော စ နိန္ဒာ စ ပသံသာ စ သုခဉ္စ ဒုက္ခဉ္စ”** ဟူ၍ ဘုရားရှင်ဟောတော်မူသည့်အတိုင်း စီးပွားဥစ္စာရခြင်း၊ စီးပွားဥစ္စာမရခြင်း၊ အခြံအရံအကျော်အစောရှိခြင်း၊ အခြံအရံအကျော်အစောကင်းမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း၊ ကိုယ်စိတ်နှစ်ဖြာဆင်းရဲခြင်း ဟူသော လောကဓံတရား ရှစ်ပါးတို့သည် သတ္တဝါအပေါင်းသို့ အစဉ်တစိုက် လိုက်ပါကြမည်သာဖြစ်ပါသည်ဘုရား။ သတ္တဝါအပေါင်းတို့ကလည်း ဤလောကဓံတရားရှစ်ပါးတို့သို့ အစဉ်တစိုက်လိုက်ပါကြမည်လည်း ဖြစ်ပါသည်ဘုရား။ ဤလောကဓံတရားရှစ်ပါးတို့နှင့် မည်သူမျှကင်းကွာနိုင်ကြမည်မဟုတ်ပါ။ ပရိသတ်လေးပါးအလယ်၌ တင့်တယ်စွာစံပယ်နေထိုင်တော်မူ၍ တရားချီးမြှင့်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်ကိုပင် အချို့ကကဲ့ရဲ့ကြ၊ အချို့ကချီးမွမ်းကြသေးသည်ဟု ဓမ္မပဒအဋ္ဌကထာ(ဒု–၂၅၀)၌ ပြဆိုထားပါသည်ဘုရား။

ထို့အတူပင် “သံဃာ့ကိစ္စ သံဃာဆောင်ရွက်” ဟူသောမူအရ အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စရပ်များကို ဆောင်ရွက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး အပါအဝင် သာသနာရေးကိစ္စရပ်များကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ကို ကဲ့ရဲ့ပြစ်တင်သူများရှိကြသကဲ့သို့ ချီးမွမ်းဂုဏ်ပြုသူများလည်းရှိကြပါလိမ့်မည်။ ယင်းသို့ ကဲ့ရဲ့ခံကြရ ချီးမွမ်းခံကြရသည့်အခါ လိုက်နာပြုကျင့်ရမည့်နည်းလမ်းကို ဘုရားရှင်ကိုယ်တော်မြတ်က ပေးသနားခဲ့ပါသည်ဘုရား။

**“နိန္ဒာယ နပ္ပဝေဓေယျ၊ န ဥန္နမေယျ ပသံသိတော ဘိက္ခု”**

**(သုတ္တနိပါတ်၊ ၄၂၃)**

“ဘိက္ခု၊ ရဟန်းသည်။ နိန္ဒာယ၊ သူတစ်ပါးကဲ့ရဲ့ခြင်းကြောင့်။ နပ္ပဝေဓေယျ၊ စိတ်ဓာတ်တွန့်ဆုတ်မတုန်လှုပ်ရာ။ ပသံသိတော၊ ချီးမွမ်းခံရလျှင်လည်း။ န ဥန္နမေယျ၊ ဝမ်းသာလှုပ်ရွ မတက်ကြွရာ” ဟူသော ဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ ကဲ့ရဲ့ခံရလျှင်လည်း မတုန်လှုပ်၊ ချီးမွမ်းခံရလျှင်လည်း မတက်ကြွဘဲစိတ်ဓာတ်တည်ငြိမ်အောင်ထားတော်မူကြရမည်ဟု နည်းလမ်းပေးသနားခဲ့ပါသည်ဘုရား။ ဆိုလိုသည်မှာ လောကဓံရှစ်ပါးနှင့် ကြုံဆုံရပါက လောကဓံတရားတို့၏မောင်းနှင်ရာသို့ လိုက်ပါပြောင်းလဲခြင်းမရှိဘဲ ယောနိသောမနသိကာရတရားဖြင့် စိတ်ဓာတ်တည်ငြိမ်အောင်ထားတော်မူကြပြီး ရင်ဆိုင်ကြရမည်သာဖြစ်ပါသည်ဘုရား။

ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုတို့ကို မမြဲသောအနိစ္စ၊ ဆင်းရဲသောဒုက္ခ၊ ဖောက်ပြန် ပြောင်းလဲခြင်းရှိသော ဝိပရိဏာမဓမ္မများသာဟု နှလုံးသွင်းဆင်ခြင်စဉ်းစားတော်မူကြ၍ တရားစစ်တရားမှန်၏ သဘောမှန်သရုပ်သကန်ကို အမှန်အတိုင်းသိပြီးလျှင် ထိုကဲ့ရဲ့မှု၊ ချီးမွမ်းမှုကြောင့် လိုလားနှစ်သက်တပ်မက်မှုနှင့် ကိုယ်စိတ်ညှိုးနွမ်းပင်ပန်းမှုတို့ကို ပယ်ရှားလျက် ဝဋ်ဒုက္ခအားလုံးမှ လွတ်မြောက်နိုင်မှုများကို အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဒုတိယလောကဓမ္မသုတ် (အံ၊ ၃၊ ၇၊ ၈၉) တွင် မြတ်စွာဘုရား အကျယ်တဝင့်ဟောကြားထားတော်မူသည်ကိုလည်း တွေ့နိုင်ပါသည်ဘုရား။

ထို့အပြင် ဘုရားတပည့်တော် ဖြည့်စွက်လျှောက်ထားလိုသည်မှာ “အန္ဓ ဗာလာနဉ္စ နိန္ဒာ ဝါ ပသံသာ ဝါ အပ္ပမာဏာ၊ ပဏ္ဍိတေန ပန မေဓာဝိနော နိန္ဒိတော နိန္ဒိတော နာမ၊ ပသံသိတော စ ပသံသိတော နာမ ဟောတိ(ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၂၁၀) ဟူသော မြတ်စွာဘုရားရှင်၏ ဒေသနာလာသည့်အတိုင်း မသိနားမလည်သူများ၏ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများသည် အလေးဂရုပြုလောက်သည့် လိုရင်းပမာဏမဟုတ်၊ ပညာရှိများကဲ့ရဲ့ခြင်းသည်သာ ကဲ့ရဲ့သည်မည်ကြောင်း၊ ပညာရှိများချီးမွမ်းခြင်းသည်သာ ချီးမွမ်းသည်မည်ကြောင်း ဟောကြားတော်မူသည့် အမိန့်ဒေသနာတော်ကို ဦးထိပ်ပန်ဆင်လျက် ပညာရှိသူတော်ကောင်းတို့ နှစ်ထောင်းအားရချီးမွမ်းကြမည့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များကိုသာ ယောနိသော မနသိကာရတရားလက်ကိုင်ထား၍ ညီညာဖြိုဖြို ကြိုးပမ်းအားထုတ်တော်မူကြပါဟု တိုက်တွန်းရင်း ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

## ပင်လောင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး

**ပင်လောင်း နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောများ၏ အခန်းကဏ္ဍဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်လှမောင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်မောင်က မီးခိုးမြူငွေ့လျှော့ချရေးနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအကြောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးသူဇာက ရေဘေး၊ မီးဘေး၊ လေဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးအကြောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုးမိုးနိုင်က သစ်တောသစ်ပင် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို ဟောပြော

**လယ်ဝေး နိုဝင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် နိုဝင်ဘာ ၂၁ ရက်က (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဟောပြောပွဲ၊ ပြပွဲများ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က အမျိုးသားအောင်ပွဲနေ့



ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများကို ဟောပြောသည်။

ထို့နောက် ကျောင်းသားကျောင်းသူများအား (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များဖြန့်ဝေကာ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# Zero- sum thinking ကို လွန်၍ အားလုံးအတွက် မျှတသည့်အနိုင်ယူခြင်းဟူသည်...

မြင့်မြတ်

**"မကောင်းသူကို အနိုင်ယူချင်ရင် ကိုယ်က သူ့အပေါ်မှာ ကောင်းခြင်းဖြင့်သာ အနိုင်ယူပါ"** ဆိုတဲ့ မြတ်စွာဘုရားရဲ့ မိန့်မှာချက်အပေါ်မှာ ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ ဟောဆိုမြွက်ကြားချက်တစ်ခုကို နာယူခဲ့ရဖူးပါတယ်။ ပြဿနာတွေနဲ့ မကင်းတဲ့လောကကြီးမှာ အနိုင်ယူချင်သူတွေချည်းဖြစ်နေရင် ဘယ်တော့မှ ငြိမ်းချမ်းမှာ မဟုတ်ဘူး၊ မကောင်းမှုကို ကောင်းမှုနဲ့ တုံ့ပြန်ကြမယ်၊ ကောင်းမွန်တဲ့ စိတ်ဓာတ်လေးတွေနဲ့ ချဉ်းကပ်ဖြေရှင်းကြရင် ကောင်းမွန်တဲ့ရလဒ်ပဲ ထွက်ပေါ်လာမယ်ဟုဆိုလိုတဲ့ သဘောတရားတစ်ခုဟာ အလွန်လျော်ကန်သင့်မြတ်ပြီး အားလုံးလိုက်နာရမယ့် ခံယူချက်ကောင်းများကို ပေးနိုင်စွမ်းပါတယ်။

## ကိုယ်အနိုင် သူအရှုံးချည်းစဉ်းစားတဲ့ zero-sum mentality ဆိုတာ

ယခုလို ရာသီဥတုမကောင်းလှတဲ့ ကမ္ဘာကြီးမှာ အထက်ပါ အဓိပ္ပာယ်မျိုးရှိတဲ့ စကားတစ်ခွန်းကို ကမ္ဘာကြီးရဲ့ဘယ်နေရာကပဲ ကြားရကြားရ ကြားရသူအပေါင်းကို ကြည်နူးချမ်းမြေ့သွားစေမှာ အမှန်ပါ။ beyond " Zero-sum mentality" ဆိုတဲ့ စကားစုတစ်ခုကြောင့် ဖြစ်ပါတယ်။ ထိုဝေါဟာရကို စီးပွားရေးနဲ့ နိုင်ငံရေးနယ်ပယ်များမှာ ပြောဆိုသုံးနှုန်းလေ့ရှိပြီး ယခုစကားစုကိုတော့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်တဲ့ ကုလသမဂ္ဂ အထူးသံတမန်တစ်ဦးရဲ့ ပြောကြားချက်ထဲက ကောက်နုတ်ထားခြင်း ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးအတွက် ညှိနှိုင်းရေးလုပ်ငန်းစဉ်မှာ သုံးလေ့သုံးထရှိတဲ့ အပြုသဘောဆန်တဲ့ စကားစုမျိုးဖြစ်ပေမယ့် လက်တွေ့ကျဖို့လိုပြီး ဘက်မလိုက်ဘဲ စေတနာပါဖို့လိုနေတဲ့အတွက် သတိတော့ထားရပါမယ်။ အပြုသဘောဆိုပေမယ့် နှစ်ဖက်စလုံးကို မျှမျှတတ မပြောဘဲ ဘက်တစ်ဖက်ဘက်ကိုပဲ ရည်ညွှန်းပြောမယ်ဆိုရင် ဒီစကားလုံးအပေါ်မှာ အဆိုးမြင်သဘောတွေ ရသွားနိုင်တဲ့ ဆိုးကျိုးများကိုတော့ သတိထားသင့်ပါတယ်။

အမှန်တော့ zero sum ဟာ အပေါင်းတစ်နဲ့ အနုတ်တစ်ပေါင်းရင် သုညထွက်တဲ့ သီအိုရီတစ်ခုကနေဖြစ်လာတဲ့ စဉ်းစားနည်းပါပဲ။ စီးပွားရေးမှာ ရောင်းသူနဲ့ ဝယ်သူအကြား ဝယ်သူဘက်က ပိုက်ဆံပေးလိုက်ရပြီး ရောင်းသူဘက်က အမြတ်ထွက်တယ်ဆိုပေမယ့် ဝယ်သူအတွက်လည်း ကုန်သွားတဲ့ ပိုက်ဆံနဲ့တန်အောင် အကျိုးအမြတ်ရှိအောင် စဉ်းစားပေးရမယ်ဆိုတဲ့ ခံယူချက်ဖြစ်ပါတယ်။ ရောင်းသူရော ဝယ်သူပါ နှစ်ဦးလုံးအကျိုးအမြတ်ရှိစေတဲ့ စဉ်းစားနည်းပါ။ ကစားပွဲတစ်ခုအနေနဲ့ စဉ်းစားရင်တော့ ချမှတ်ထားတဲ့ တိကျတဲ့ စည်းကမ်းစနစ်ဘောင်အတွင်းမှာသာ ကစားရတဲ့အတွက် နိုင်သူရှုံးသူရယ်လို့ ရှိရမှာပဲ။

> ❖ **အထူးသဖြင့် ယနေ့ကမ္ဘာမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ ချိန်ထိုးလေ့လာကြည့်နိုင်ပါတယ်။ ကမ္ဘာ့အရေးများစွာထဲက ပုံစံတစ်ခုကို လေ့လာကြည့်ရင်... ဆယ်စုနှစ်ချီဖြစ်နေတဲ့ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အရေးတစ်ခုဆိုပါတော့။ စစ်ရေးနည်းလမ်းသုံးဖြေရှင်းရုံနဲ့ ပြဿနာက ပြီးသွားမယ်လို့ ထင်နေသူတွေ ရှိနေသေးကြောင်း တွေ့ရပါတယ်။ ကိုယ့်ရဲ့လုပ်ရပ်ဟာ ငြိမ်းချမ်းရေးနဲ့ ဝေးနေသလား၊ အမုန်းသံသရာကို ဆွဲဆန့်သလို ဖြစ်မနေဘူးလား သဘောမပေါက်ကြသရွေ့ ယနေ့ကမ္ဘာကြီးသည် ငြိမ်းချမ်းနိုင်မှာ မဟုတ်ပါဘူး၊ ပြန်လည်သင့်မြတ်ရေးလမ်းစလည်း ဘယ်လိုမှ ရှာတွေ့မှာမဟုတ်ဘူးဆိုတာ ဆင်ခြင်မိပါတယ်**

ဒါပေမယ့် ရှုံးသူက ဒီပြိုင်ပွဲမှာ သူဘာကြောင့် ရှုံးရသလဲ စဉ်းစားတတ်၊ သင်ခန်းစာယူတတ်ရင် သူလည်းပြိုင်ပွဲကနေ အမြတ်တစ်ခုရလိုက်တယ်လို့ ဆိုရပါမယ်။ ပညာအမြင်နဲ့ စဉ်းစားတတ်ရင် ပြိုင်ပွဲကနေ ပညာရလိုက်တဲ့အတွက် ရှုံးသူမှာလည်း အမြတ်ထွက်သွားတယ်။ ဒီသဘောတရားကိုသာ လက်တွေ့မှာ အသုံးချကြရင် တစ်ဖက်သတ် အနိုင်ယူခြင်းနဲ့ လုံးဝဆုံးရှုံးမှုဆိုတဲ့ အသေအကျေပွဲတွေဟာ ဖြစ်လာစရာအကြောင်းမရှိတော့ဘူးလို့ ယူဆပါတယ်။

## အရှေ့အလယ်ပိုင်းအရေးနဲ့ အမေရိကန်ရွေးကောက်ပွဲကနေ

အားလုံးသိတဲ့အတိုင်း ကမ္ဘာကြီးမှာ နိုင်ငံရေး၊ စစ်ရေးမုန်တိုင်းတွေက ပြင်းထန်နေပါတယ်။ ပဋိပက္ခပေါင်းစုံနဲ့ ရှုပ်ထွေးနေတဲ့ ပတ်ဝန်းကျင်ကြီးက မငြိမ်းချမ်းလှပါဘူး။ အနိုင်အရှုံးပြဿနာဖြစ်ရင် အားလုံးက အနိုင်ယူချင်တာချည်း တွေ့မြင်ရတယ်၊ အနိုင်ယူချင်တာမှ ပြတ်ပြတ်သားသားကို အနိုင်ယူချင်တာ၊ ပြိုင်ဘက်ကို နာလန်မထူအောင်ကို အလဲအကွဲဖြစ်စေချင်တာ၊ ကိုယ်အနိုင် – သူအရှုံးမှ ကျေနပ်ကြတာ၊ အနိုင်ယူလိုက်ရင် ပဋိပက္ခက ပြီးသွားမယ်ထင်နေတယ်၊ အမုန်းအာဃာတတွေနဲ့ ဘယ်တော့မှမဆုံးနိုင်တဲ့ သံသရာအသွင်လည်နေတတ်တဲ့ ပဋိပက္ခတရားသဘောကို နားလည်သူရှားတယ်။ အနိုင်ယူရုံနဲ့ ပြဿနာက ပြီးသွားမယ် ထင်ပါသလား။

အထူးသဖြင့် ယနေ့ကမ္ဘာမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ ချိန်ထိုးလေ့လာ ကြည့်နိုင်ပါတယ်။ ကမ္ဘာ့အရေးများစွာထဲက ပုံစံတစ်ခုကို လေ့လာကြည့်ရင်... ဆယ်စုနှစ်ချီဖြစ်နေတဲ့ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အရေးတစ်ခုဆိုပါတော့။ စစ်ရေးနည်းလမ်းသုံးဖြေရှင်းရုံနဲ့ ပြဿနာက ပြီးသွားမယ်လို့ ထင်နေသူတွေ ရှိနေသေးကြောင်း တွေ့ရပါတယ်။ ကိုယ့်ရဲ့လုပ်ရပ်ဟာ ငြိမ်းချမ်းရေးနဲ့ ဝေးနေသလား၊ အမုန်းသံသရာကို ဆွဲဆန့်သလို ဖြစ်မနေဘူးလား သဘောမပေါက်ကြသရွေ့ ယနေ့ကမ္ဘာကြီးသည် ငြိမ်းချမ်းနိုင်မှာ မဟုတ်ပါဘူး၊ ပြန်လည်သင့်မြတ်ရေးလမ်းစလည်း ဘယ်လိုမှ ရှာတွေ့မှာ မဟုတ်ဘူးဆိုတာ ဆင်ခြင်မိပါတယ်။

အလားတူ ပြီးခဲ့တဲ့ အမေရိကန်နိုင်ငံ နောက်ဆုံးရွေးကောက်ပွဲမတိုင်ခင် ဒီမိုကရက်နဲ့ ရီပတ်ဘလစ်ကန် ပါတီတို့အကြား၊ ဘိုင်ဒင်နဲ့ ထရမ့်တို့အကြား၊ MAGA နဲ့ Deep state အကြားမှာ မဆီမလျော် လုပ်ကြံသတ်ဖြတ်မှုတွေ၊ အမနာပ ကြမ်းတမ်းသိမ်ဖျင်းတဲ့စကားတွေနဲ့ အသေအကျေ တိုက်ခိုက်ခဲ့ကြတာ တွေ့ရတယ်။ နောက်ဆုံး ပြည်သူနာမယ်၊ နိုင်ငံနာမယ်၊ နောက်ဆုံးကမ္ဘာကြီး ဒဏ်ရာရသွားမယ်ဆိုတဲ့အထိ မစဉ်းစားကြတဲ့ နိုင်ငံရေးအတ္တသမားတွေကြောင့် အမေရိကန်တို့ တန်ဖိုးထားတဲ့ ဒီမိုကရေစီစနစ်ကြီး ပျက်စီးမယ့်အရေး ကြုံရနိုင်တယ်လို့ ခန့်မှန်းမိတယ်။

မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို သမ္မတအဖြစ်က ထွက်ခါနီး နှစ်လအလိုမှာမှ ကပ်ပြီး ယူကရိန်းကနေ ရုရှားအတွင်းပိုင်းအထိရောက်တဲ့ အဖျက်လက်နက်ကြီးတွေနဲ့ ပစ်ဖို့ခွင့်ပြုလိုက်တဲ့ ဘိုင်ဒင်ရဲ့ လုပ်ရပ်ဟာ အလွန်ဆိုးရွားလှတယ်။ အနိုင်ရတဲ့ သမ္မတ အသစ်အနေနဲ့ ယူကရိန်းစစ်ကို အပြီးသတ်ချင်နေတဲ့ ထရမ့်ကို ယူကရိန်းစစ်မှာဆက်ပြီး နစ်နေအောင်နဲ့ ကမ္ဘာကြီးကိုပါ တတိယကမ္ဘာစစ်ထဲ ဆွဲသွင်းနေတဲ့ မဆင်မခြင်လုပ်ရပ်အဖြစ် ဝေဖန်နေကြပါတယ်။ စစ်ရဲ့ဆိုးကျိုးကို သိရက်နဲ့ အင်္ဂလိပ်၊ ပြင်သစ်တို့နဲ့ပေါင်းပြီး ရူးမိုက်တဲ့ ဒီမိုကရက်သမ္မတ ဘိုင်ဒင်တို့ရဲ့ ကမ္ဘာမီးလောင် သားကောင်ချနင်းလုပ်ရပ်ကို အထက်မှာ တင်ပြခဲ့တဲ့ zero-sum thinking နဲ့ယှဉ်ပြီး မြင်သိရှုကြည့်ဖို့လိုပါမယ်။

## ကိုယ်ကအနိုင်ယူပြီး အသေအကျေကစားပွဲကို ကစားနေသူတွေ

အရှုပ်အထွေးများစွာနဲ့ ပဋိပက္ခကမ္ဘာကြီးမှာ ငြိမ်းချမ်းရေးလမ်းစနဲ့ ပြေလည်ရေးစကားပြောတတ်တဲ့ ခေါင်းဆောင်အချို့တော့ ကျန်ပါသေးတယ်။ သူတို့ဆီက ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး စကားတွေကြောင့် ကမ္ဘာ့ပြည်သူတွေမှာ အားတက်ဝမ်းသာဖြစ်ကြရတယ်။ ကမ္ဘာနဲ့ယှဉ်ပြီး မြန်မာ့အရေးလည်း ထို့အတူပါ။ နိုင်ငံတော်ဘက်ကနေ မကောင်းတာတွေအပေါ်မှာ ကောင်းမှုတွေနဲ့ တောက်လျှောက်ချဉ်းကပ်ပေးနေတယ်၊ အပြုသဘောနဲ့ သွားနေတယ်၊ အားလုံးအရှုံးမဖြစ်စေမယ့် အနိုင်–အနိုင်သီအိုရီကိုဆက်တိုက်ကိုင်ဆွဲထားတယ်၊ ငြိမ်းချမ်းချင်လို့ပြန်လည်သင့်မြတ်ချင်လို့ ဖြစ်ပါတယ်။

တိုင်းရင်းသားအချင်းချင်း ယခုထက်ပိုပြီး သွေးကွဲမှာ၊ နိုင်ငံတော်ကြီး လုံးဝဥသုံပျက်စီးမှာကို မလိုလားလို့ တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းနဲ့ ပညာဉာဏ် အမြော်အမြင်ရှိစွာ ဖြေရှင်းနေတဲ့အနေအထားဖြစ်ပါတယ်။ ဒဏ်ရာအနာကို ပိုမနာအောင်၊ အဆိုးကို ဆက်ပြီးဆိုးမသွားအောင်ဆိုတဲ့ လုပ်ရပ်မျိုးဟာ ပညာရှိတွေရဲ့လုပ်ရပ်ပါပဲ။ စစ်ရေးနည်းလမ်းနဲ့ဖြေရှင်းပြီး နယ်မြေသိမ်းနိုင်ရုံ၊ လူအချင်းချင်း သတ်ဖြတ်နေရုံနဲ့ အနိုင်ရပြီလို့ မခံယူထားတဲ့ အတွက် အကြမ်းဖက်လုပ်ရပ်တွေ စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးလမ်းမှာ လျှောက်ကြဖို့ အပစ်အခတ်ရပ်စဲရေးကို အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

> ■ **ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့မြန်မာတွေ ယနေ့ဖြစ်နေတဲ့ ကစားကွက်တွေကနေ ဉာဏ်မီသမျှ သင်ခန်းစာယူနိုင်ဖို့က အဓိကအရေးကြီးပါတယ်။ ဘယ်သူမှ အတ္တနဲ့ မကင်းနိုင်ကြပေမယ့် ပြိုင်ဘက်ကို မတရားအနိုင်ယူချင်တဲ့ လွန်ကဲတဲ့အတ္တတွေကြောင့် ကြားက အပြစ်မဲ့ပြည်သူတွေရဲ့ဘဝဟာ ဆိုးဆိုးရွားရွားပျက်စီးရကြောင်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးသမားတွေဖြစ်တယ်။ ပြည်တွင်းရော နိုင်ငံတကာအတွေ့အကြုံတွေ အရပါ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ညှိညှိနှိုင်းနှိုင်းဖြေရှင်းရမယ့်အစား အတ္တကို ရှေ့တန်းတင်လွန်းပြီး စစ်ရေးနည်းလမ်းကို ရွေးချယ်ခဲ့တာကြောင့် မဖြစ်သင့်တာတွေဖြစ်ကြရကြောင်း သင်ခန်းစာယူနိုင်ရမှာဖြစ်တယ်။ အတိတ်က ကိုလိုနီနယ်ချဲ့တွေက နိုင်ငံငယ်တွေကို နိုင်ငံရေး၊ စီးပွားရေးကစားကွက်ပေါင်းစုံနဲ့ ဘယ်လိုကစားပြီး ဘယ်လိုနယ်ချဲ့သိမ်းပိုက်ခဲ့ကြသလဲ၊ ကိုယ်က တစ်ဖက်သတ် အနိုင်ယူခဲ့တဲ့အတွက် တစ်ချိန်မှာ ဘယ်လိုနည်းနဲ့ တန်ပြန်ကလဲ့စားချေခံရတာမျိုး ကြုံရနိုင်သလဲ၊ ကမ္ဘာ့ဖြစ်ရပ်ပေါင်းစုံမှာ လေ့လာလို့ကောင်းတဲ့ အဖြစ်အပျက်ပုံစံများစွာ ရှိနေပါတယ်**

စာမျက်နှာ ၁၁ သို့

# (၂၅) ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များအစည်းအဝေးသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်





**နေပြည်တော် နိုဝင်ဘာ ၂၂**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် (၂၅)ကြိမ်မြောက်အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (25th ASEAN Chiefs of Army Multilateral Meeting – 25th ACAMM) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုယ်စားတက်ရောက်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ Mabalacat မြို့သို့ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် Mabalacat မြို့ရှိ Hilton Clark Sun Valley Resort ၌ ကျင်းပသည့် (၂၅) ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido က အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေး တက်ရောက်လာသော အာဆီယံ ကြည်းတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက “Strengthening Partnership and Camaraderie Towards Regional Stability” ခေါင်းစဉ်နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ အစည်းအဝေးအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အာဆီယံ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်သည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

မွန်းလွဲပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားဘုရင့်တပ်မတော်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်နှင့် ကြည်းတပ်ဦးစီးချုပ် Gen Mao Sophan၊ ထိုင်းဘုရင့်တပ်မတော် လက်ထောက်ကြည်းတပ်ဦးစီးချုပ် Gen. Wasu Chiemsuk၊ ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido၊ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Maj. Gen Phanseng Bounphan၊ ဘရူနိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Bri. Gen Haji Mohammad Shanonnizam bin Sulai–man တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

တွေ့ဆုံဆွေးနွေးပွဲများ အပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ဇနီးတို့သည် ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido နှင့် ဇနီးတို့တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ အာဆီယံကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ တက်ရောက်ခဲ့ကြပြီး ညစာသုံးဆောင်ပြီးချိန်တွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ်နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

နောက်ဆုံးမှာ တန်ဖိုးရှိတဲ့ လူ့အသက်တွေ၊ လူသားအရင်းအမြစ်တွေ၊ နိုင်ငံအရင်းအမြစ်တွေ ဆုံးရှုံးသွားရတဲ့ အနိုင်မရှိတဲ့ အရှုံး – အရှုံးသဘောတရားကို ယနေ့ အစ္စရေး – ဟားမတ်စ် – လက်ဘနွန်စစ်မှာ ဘယ်လိုဖြေရှင်းနေကြသလဲ၊ ဖြေရှင်းနေပုံများနဲ့လည်း နှိုင်းယှဉ်ကြည့်လို့ရပါတယ်။ ဆိုလိုတာက နိုင်ငံတော်ဘက်က တာဝန်ရှိသူတွေဟာ zero–sum game ကို မကစားပါဘူး၊ ဘယ်သူကစားနေသလဲ။ လူမျိုးတုံး၊ နိုင်ငံသုဉ်း ပျက်စီးသည်အထိ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းတွေက လုပ်နေကြသလဲ၊ လုပ်ရပ်ချင်း နှိုင်းယှဉ်ကြည့်လို့ ရပါတယ်။

လက်တွေ့ပဲကြည့်ပါ။ ယခုစာရေးနေစဉ်မှာပဲ ရုရှားဘက်က နျူကလီးယားလက်နက်နဲ့ ပြန်လည်တုံ့ပြန်မယ့်အကြောင်း အတန်တန်သတိပေးနေတဲ့ကြားက၊ ကမ္ဘာကလည်း အတန်တန်တားနေတဲ့ကြားက အင်မတန်အန္တရာယ်များတဲ့ လုပ်ရပ်ကို သမ္မတဘိုင်ဒင် ခွင့်ပြုချက်နဲ့ ယူကရိန်းက လုပ်လိုက်ပါပြီ။ အမေရိကန်က ထောက်ပံ့ထားတဲ့ ATACMS တာဝေးပစ် မစ်ဇိုင်းခြောက်လုံးနဲ့ ရုရှားအတွင်းပိုင်းအထိရောက်အောင် ယူကရိန်းဘက်က ပစ်ခတ်ခဲ့တဲ့အတွက် ကမ္ဘာကြီးဟာ အလွန်အန္တရာယ်များသွားပါပြီ။ ဘိုင်ဒင်ရဲ့ ယခုလို မဆင်မခြင်လုပ်ရပ်ဟာ ယူကရိန်းပြည်သူတွေ၊ ဥရောပပြည်သူတွေရဲ့ဘဝကို ငဲ့ကွက်ခြင်း မရှိခဲ့ပါဘူး။ ဒါကမှ တကယ့် zero– sum mentality ဆိုတာ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံကိုယ်စားလှယ်တော်ကြီး သိစေချင်တယ်။ နိုင်ငံရေးကစားကွက်ဖန်တီးလို့မရတဲ့ ဘိုင်ဒင်တို့အုပ်စုဟာ စစ်ရေးနည်းလမ်းနဲ့ အသေအကျေဖြစ်မယ့် ကစားကွက်ကိုသာ ရွေးချယ်နေတာကို ခန့်မှန်းမိပါတယ်။

## ဖြစ်ရပ်များစွာကနေ ပညာဖြင့်သင်ခန်းစာယူနိုင်ရန်သာ

**ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့မြန်မာတွေ ယနေ့ဖြစ်နေတဲ့ ကစားကွက်တွေကနေ ဉာဏ်မီသမျှ သင်ခန်းစာယူနိုင်ဖို့က အဓိကအရေးကြီးပါတယ်။ ဘယ်သူမှ အတ္တနဲ့ မကင်းနိုင်ကြပေမယ့် ပြိုင်ဘက်ကို မတရားအနိုင်ယူချင်တဲ့ လွန်ကဲတဲ့ အတ္တတွေကြောင့် ကြားက အပြစ်မဲ့ပြည်သူတွေရဲ့ ဘဝဟာ ဆိုးဆိုးရွားရွားပျက်စီးရကြောင်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးသမားတွေ ဖြစ်တယ်။ ပြည်တွင်းရော နိုင်ငံတကာ အတွေ့အကြုံတွေအရပါ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ညှိညှိနှိုင်းနှိုင်းဖြေရှင်းရမယ့်အစား အတ္တကို ရှေ့တန်းတင်လွန်းပြီး စစ်ရေးနည်းလမ်းကို ရွေးချယ်ခဲ့တာကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကြရကြောင်း သင်ခန်းစာယူနိုင်ရမှာဖြစ်တယ်။ အတိတ်က ကိုလိုနီနယ်ချဲ့တွေက နိုင်ငံငယ်တွေကို နိုင်ငံရေး၊ စီးပွားရေးကစားကွက်ပေါင်းစုံနဲ့ ဘယ်လိုကစားပြီး ဘယ်လို နယ်ချဲ့သိမ်းပိုက်ခဲ့ကြသလဲ၊ ကိုယ်က တစ်ဖက်သတ် အနိုင်ယူခဲ့တဲ့အတွက် တစ်ချိန်မှာ ဘယ်လိုနည်းနဲ့ တန်ပြန်ကလဲ့စားချေခံရတာမျိုး ကြုံရနိုင်သလဲ၊ ကမ္ဘာ့ ဖြစ်ရပ်ပေါင်းစုံမှာ လေ့လာလို့ကောင်းတဲ့ အဖြစ်အပျက်ပုံစံများစွာ ရှိနေပါတယ်။**

တစ်ခုပဲရှိတယ်။ မြင်အောင်ကြည့်ဖို့က ပညာပဲလိုပါတယ်။ ပြဿနာအပေါ်မှာ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားနဲ့ အကျိုးကို ဖြစ်စေတဲ့ အကြောင်းတရားကို ဆက်စပ်စဉ်းစားနိုင်တဲ့ ဉာဏ်ပညာနဲ့ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်စွမ်းက အခရာကျပါတယ်။ နောက်တစ်ချက်က လောကပါလတရားနှစ်ခုဖြစ်တဲ့ ဟီရီ၊ ဩတ္တပ္ပမည်သော အရှက်တရားနဲ့ အကြောက်တရား၊ သူတစ်ပါးကို မတရားတဲ့နည်းနဲ့ တစ်ဖက်သတ် အနိုင်ယူချင်တာကို ရှက်ရွံ့တတ်ဖို့လိုသလို ကိုယ်က ဒီတစ်ခါအနိုင်ယူခဲ့ရင် ပြန်ကလဲ့စားချေခံရမယ့်အရေး ပြန်ဝဋ်လည် ပြန်ခံရမယ့် ခံစားမှုဒဏ်ကို ကြောက်လန့်တတ်ဖို့ လိုပါမယ်။

ယခုလို အရှက်အကြောက်တရား ကင်းမဲ့နေတဲ့ လူ့အဖွဲ့အစည်းကြီးက ဘယ်လိုငြိမ်းချမ်းရေးကို ရယူနိုင်ပါ့မလဲ။ နောက်ထပ်ဆင်ခြင်ရမှာက သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်လိုမှုတွေနဲ့ သူတစ်ပါးဒုက္ခဆင်းရဲမှာ ဝမ်းသာနေနိုင်သူတွေရဲ့ အမှားလုပ်ရပ်တွေပါပဲ။ မြတ်ဗုဒ္ဓရဲ့ တရားတော်များမှာတော့ ကရုဏာ၊ မုဒိတာနဲ့ ဥပေက္ခာတရားတွေဟာ ကိုယ့်ဘက်ကချည်း အနိုင်ယူလိုစိတ်ကို အလွန်အကျွံမဖြစ်အောင်၊ ကိုယ့်ကြောင့် တစ်ပါးသူ ဒုက္ခမရောက်အောင် ထားရှိရမယ့် ကောင်းမှုတွေအဖြစ် ဟောကြားထားပြီးဖြစ်ပါတယ်။ **အားလုံးရဲ့ ခေါင်းကိုင်ကတော့ မေတ္တာတရားပါ။ ဘယ်အရာမဆို ကိုယ့်အတွက်ထက် သူ့အတွက်၊ သူ့အကျိုးကို လိုလိုချင်ချင် ဆောင်ရွက်ပေးခြင်းကသာ မေတ္တာအစစ်အမှန် ဖြစ်ပါတယ်။**

ထိုအပြုအမူ၊ ထိုစိတ်နေစိတ်ထားတွေဟာ လူတွေရဲ့ ဘဝအရည်အသွေးကို တိုးတက်စေတာကြောင့် လူ့အဖွဲ့အစည်းမှာ မှီတင်းနေထိုင်ကြသူတွေအနေနဲ့ မျှတညီညွတ်စွာ နေထိုင်လာနိုင်ကြမယ်ဆိုရင်၊ ထိုမှတစ်ဆင့် ကိုယ်ချင်းစာတတ်လာမယ်၊ နားလည်မှု ယုံကြည်မှုပါတိုးလာပြီး စည်းလုံးညီညွတ်မှုလည်း ရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ယခုလောလောဆယ်ဖြစ်နေတဲ့ ကမ္ဘာ့အရေး၊ မြန်မာ့အရေးတွေကနေ လေ့လာသင်ယူပြီး ကိုယ့်နိုင်ငံသားအချင်းချင်း zero – sum game မဖြစ်ရအောင် အထူးသတိထား လျှောက်လှမ်းရမှာဖြစ်ပါတယ်။

ကိုယ်လည်းအနိုင်၊ သူလည်းအနိုင်၊ အခြားသူလည်း အနိုင်ဖြစ်ရအောင်၊ အားလုံးအရှုံး နိုင်ငံလည်း အဆုံး မဖြစ်ရလေအောင် အကောင်းဆုံးခံယူကြပြီး zero– sum mentality ကနေ ရုန်းထွက်နိုင်ရေးနဲ့ နိုင်ငံတော်သာယာဝပြောရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရေး စေတနာနဲ့ ရေးသားတင်ပြလိုက်ရပါတယ်။ ။



# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်း၍ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြိုအသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှကျောင်းအုပ်ကြီး ဒေါ်ဝင်းဝင်းမော်က (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်၍ သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင် က “ပြည်ထောင်စုစိတ်ဓာတ် (သို့မဟုတ်) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်” ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ တရားသူကြီးချုပ် The Hon. Alexander G. Gesmundo ၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် "(၁၁) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး" သို့ တက်ရောက်ခဲ့သည်။




အာဆီယံ တရားသူကြီးချုပ်များကောင်စီ အစည်းအဝေးကို ၂၀၁၃ ခုနှစ်ကတည်းက နှစ်စဉ်ကျင်းပခဲ့ပြီး အာဆီယံနိုင်ငံအသီးသီးမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးပထမနေ့တွင် ဒုတိယအကြိမ် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများ အစည်းအဝေးကို Hybrid ပုံစံဖြင့် ကျင်းပပြီး အစည်းအဝေးကို အာဆီယံတရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာ အကြီးအကဲများက လူကိုယ်တိုင်တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ တရားသူကြီးချုပ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။ အစည်းအဝေးတွင် တရားမျှတမှု လက်လှမ်းမီရေးကို မြှင့်တင်ရန် တရားရုံးနည်းပညာကို အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ လုပ်ငန်းအဖွဲ့များက အာဆီယံ တရားသူကြီးချုပ်များကောင်စီမှတစ်ဆင့် ဒေသတွင်း တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံများကို မျှဝေခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့တွင် (၁၁)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက အခြားအာဆီယံ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ၏ အာဆီယံတရားရေး ပေါ်တယ်လုပ်ငန်းအဖွဲ့၊ အာဆီယံဒေသတွင်း တရားမမှုခင်း ဆင့်စာဆင့်ဆိုမှု လွယ်ကူစေရေး လုပ်ငန်းအဖွဲ့၊ မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် သင်ကြားရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံဖြတ်ကျော် ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ်အငြင်းပွားမှုများ ဖြေရှင်းရေးလုပ်ငန်းအဖွဲ့၊ ဗီဒီယိုကွန်ဖရင့်ဖြင့် အမှုကြားနာစစ်ဆေးခြင်း လုပ်ငန်းအဖွဲ့၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုလုပ်ငန်းအဖွဲ့နှင့် လေ့လာရေးအဖွဲ့တို့က ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ရရှိသည့် အောင်မြင်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို အာဆီယံတရားသူကြီးချုပ်များ ကောင်စီသို့ အစီရင်ခံတင်ပြကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက မြန်မာနိုင်ငံ တရားစီရင်ရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပါဝင်ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် (၁၁) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး ရလဒ်ဖြစ်သည့် စီဘူးကြေညာစာတမ်းကို အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အားလုံး ပါဝင်လက်မှတ်ရေးထိုး၍ ထုတ်ပြန်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၆/၂၀၂၄)မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ






**နေပြည်တော် နိုဝင်ဘာ ၂၂**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၄၆/၂၀၂၄) ရန်ကုန်တန်းခွဲနှင့် နေပြည်တော်တန်းခွဲရှိ သင်တန်းသား သင်တန်းသူများတွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၀ တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးလွင်ဦးက သံတမန်ရေးရာဘာသာရပ်များကိုဆွေးနွေးပြောကြားသည်။ ဆက်လက်၍ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄၆/၂၀၂၄) ရန်ကုန်နှင့် နေပြည်တော် တန်းခွဲတို့မှ သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၆/၂၀၂၄) ရန်ကုန်တန်းခွဲနှင့် နေပြည်တော်တန်းခွဲတို့မှ သင်တန်းသား သင်တန်းသူများသည် နေပြည်တော်ရှိ အထင်ကရ နေရာများဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်တို့အား သွားရောက်ဖူးမြော်ခြင်း၊ သူရဲကောင်းဗိမာန်သို့ သွားရောက်၍ ကျဆုံးလေပြီးသော သူရဲကောင်း စစ်သည်တော်များအား အလေးပြုခြင်း၊ အမျိုးသားပြတိုက်နှင့် ငလိုက်ဆည်ဆင်စခန်းတို့သို့ သွားရောက် လေ့လာခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိရာ အစိုးရအဖွဲ့အစည်းအသီးသီးနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် နိုင်ငံတကာရေးရာများကို စိတ်ပါဝင်စားသည့် ပြင်ပမှပုဂ္ဂိုလ်များအတွက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းများကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပမှစက်သုံးဆီများ လုံလောက်စွာတင်သွင်းဖြန့်ဖြူးပေးမှုကြောင့် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိသည့်အပြင် အရန်ဆီများထားရှိနိုင်၊ ရောင်းဈေးနှုန်းများလည်း ဆက်တိုက်ကျဆင်းနေသဖြင့် အများပြည်သူခရီးသွားလာမှုအဆင်ပြေလွယ်ကူသည့်အပြင် ကုန်စည်စီးဆင်းမှုချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို များစွာအထောက်အကူပြု



**နေပြည်တော် နိုဝင်ဘာ ၂၂**

စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ စီမံဆောင်ရွက်မှု၊ လိုအပ်သည့်စက်သုံးဆီဖိုး နိုင်ငံခြားသုံးငွေများကို အချိန်မီ လုံလောက်စွာ ဝယ်ယူပေးချေနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုတို့ကြောင့် ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ ပုံမှန်အဆက်မပြတ်ဝင်ရောက်လျက်ရှိသဖြင့် အရန်စက်သုံးဆီအပါအဝင် စက်သုံးဆီများကို ဖူလုံစွာ သိုလှောင်ထားရှိနိုင်ပြီး နေ့စဉ်လုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ပြည်တွင်းရောင်းဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိသဖြင့် အများပြည်သူ ခရီးသွားလာမှု အဆင်ပြေလွယ်ကူသည့်အပြင် ကုန်စည်စီးဆင်းမှုချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း များစွာအထောက်အကူပြုကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များ Website နှင့် Mobile Application လွှင့်တင်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များ Website နှင့် Mobile Application လွှင့်တင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲစာရင်းများ ကြီးမားစွာ မှားယွင်းမှု၊ မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ ဖြစ်ပွားခဲ့ပါကြောင်း။

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း တွေ့ရှိရသဖြင့် ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ခဲ့ရကြောင်း၊ ထိုစုံစမ်းစစ်ဆေးတွေ့ရှိချက်များကို အများပြည်သူ သိရှိလေ့လာနိုင်စေရန် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန်ဘာသာ ငါးမျိုးဖြင့် စာအုပ်ပြုစုထုတ်ဝေခဲ့ပါကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေး တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ နောင်အလားတူ ဖြစ်စဉ်မျိုး မဖြစ်ပွားစေရန်နှင့် ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများက ပိုမိုပြည့်စုံလွယ်ကူစွာ ကြည့်ရှုနိုင်ရန်အတွက် ဘာသာစကားငါးမျိုးဖြင့် ဖတ်ရှုနိုင်မည့် Website နှင့် Mobile Application ရေးဆွဲလွှင့်တင်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် "Website ရေးဆွဲလွှင့်တင်နိုင်ရေးအဖွဲ့" ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အဖွဲ့အနေဖြင့် Website နှင့် Mobile Application ရေးဆွဲလွှင့်တင်နိုင်ရေး လုပ်ငန်းစဉ် ၇ ရပ် ပါဝင်သည့်လုပ်ငန်းစီမံချက် ရေးဆွဲ၍ ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ နိုဝင်ဘာလ ဒုတိယပတ်အတွင်း ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါ Website နှင့် Mobile Application တို့ကို ရေးဆွဲပြီးဖြစ်၍ ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများ ဖတ်ရှုလေ့လာနိုင်ရန် လွှင့်တင်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Website ရေးဆွဲလွှင့်တင်နိုင်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက Website နှင့် Mobile Application ရေးဆွဲလွှင့်တင်နိုင်ရေး ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး Website နှင့် Mobile Application လွှင့်တင်ခြင်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက Touch Screen Monitor တွင် ဒစ်ဂျစ်တယ်လက်ဗွေနှိပ်၍ Website လွှင့်တင်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ Website ရေးဆွဲလွှင့်တင်နိုင်ရေးအဖွဲ့ အဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# Naypyitaw State Academy တွင် အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာန ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

**Naypyitaw State Academy တွင် အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာန ဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ စာသင်ဆောင်ရှေ့တွင် ကျင်းပသည်။**

အခမ်းအနားသို့ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် စာသင်ခန်းအတွင်း အေးချမ်းစွာပညာသင်ကြားနေကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို Naypyitaw State Academy ဘက်စုံခန်းမ၌ ဆက်လက်၍ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက Naypyitaw State Academy ကို Faculty system ဖြင့် မဟာဌာနကြီး ခုနစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ရာ စတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာနဟူ၍ မဟာဌာနကြီး လေးခုကို ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဆေးပညာမဟာဌာနကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မဟာဌာနကြီးနှစ်ခုဖြစ်သည့် အားကစားပညာ မဟာဌာနနှင့် လူမှုရေးပညာမဟာဌာနတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ပြီ ဖြစ်ပါကြောင်း။

ပညာရေး ဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အားကစားပညာ ဘာသာရပ်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကစပြီး ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့ပါကြောင်း၊ ယခုပညာသင်နှစ်တွင် Naypyi-taw State Academy အားကစားပညာမဟာဌာနကို ဖွဲ့စည်းတည်ထောင် ဖွင့်လှစ်နိုင်ပြီဖြစ်ပါကြောင်း။

ပညာရေး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ပူးပေါင်း၍ လူမှုရေးပညာမဟာဌာနကို ဖွဲ့စည်းတည်ထောင်ပြီး မြန်မာနိုင်ငံတွင် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ပတ်သက်သည့် လူမှုရေးရာ ကိစ္စရပ်များကို လူမှုဝန်ထမ်းနည်းစနစ်များနှင့် စနစ်တကျစီမံဆောင်ရွက်နိုင်သည့် လူမှုရေးပညာဘွဲ့ရ ပညာတတ်များကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့အတူ ပညာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများတွင် အဓိကကျသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ ဘွဲ့ကြိုသင်တန်းကိုလည်း ယခုပညာသင်နှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုပညာသင်နှစ်တွင် Naypyitaw State Academy ၌ ဘွဲ့လွန်မဟာတန်းများကိုလည်း စတင်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်၍ Naypyi-taw State Academy တွင် ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၁၅၀၀ ဝန်းကျင်ခန့်ကို လက်ခံ သင်ကြားပေးလျက်ရှိပြီဖြစ်ပါကြောင်း။



အားကစားပညာ၊ လူမှုရေးပညာနှင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ ဘာသာရပ်များသည် ယခုပညာသင်နှစ်မှ အသစ်စတင်ဖွင့်လှစ်သည့် ဘာသာရပ်များ ဖြစ်သော်လည်း ကျောင်းသား ကျောင်းသူများက လက်ခံနိုင်မည့် ဦးရေအင်အားအပြည့် လျှောက်ထားလာခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ Naypyi-taw State Academy မှ ကျောင်းသား ကျောင်းသူများအားလုံးကို သက်ဆိုင်ရာ ဝန်ကြီးဌာနများကိုယ်စား လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်တို့က မဟာဌာန ဖွင့်ပွဲအထိမ်းအမှတ် ကြိုဆိုဝမ်းမြောက်စကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက Naypyitaw State Academy အတွက် အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်နှင့်အတူ Naypyitaw State Polytechnic University ကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ပြီ

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် Naypyitaw State Polytechnic University ကို နိုဝင်ဘာ ၂၁ ရက်က ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်အဖြစ် Naypyitaw State Polytechnic University နှင့်အတူ Polytechnic University ငါးခုကို ကျိုင်းတုံ၊ ပင်လုံ၊ မြိတ်၊ ထားဝယ်နှင့် မအူပင်မြို့တို့တွင် နိုဝင်ဘာ ၂၁ ရက်က တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ Polytechnic University များနှင့် ပတ်သက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မေး ။ ။ Naypyitaw Polytechnic University ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ နေပြည်တော် ကောင်စီနယ်မြေက မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တာနဲ့အညီ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေဖို့၊ နိုင်ငံတော်နဲ့ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှာ လိုအပ်လျက်ရှိတဲ့ အင်ဂျင်နီယာနဲ့ ကွန်ပျူတာပညာရပ်ဆိုင်ရာ လူငယ်ကျွမ်းကျင်ပညာရှင်တွေကို အရည်အချင်းပြည့်ဝစွာ လုံလုံလောက်လောက် ကဏ္ဍစုံစွာ ပျိုးထောင်မွေးထုတ်ပေးနိုင်ဖို့၊ နိုင်ငံ့အကျိုးပြု သုတေသနစီမံကိန်းတွေကို မြှင့်တင်ဆောင်ရွက်နိုင်ဖို့၊ ဒေသတွင်းပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ အထောက်အကူပြုနိုင်စေဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ တည်ထောင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။

**မေး ။ ။ ဘယ်လိုဘာသာရပ်တွေကို သင်ကြားပို့ချပေးပြီး ဘယ်လိုဘွဲ့ ချီးမြှင့်မယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ ။ ။ သင်ကြားမယ့်ဘာသာရပ်တွေကတော့ အင်ဂျင်နီယာ အထူးပြုဘာသာရပ် ခုနစ်ခုဖြစ်တဲ့ မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရောနစ်အင်ဂျင်နီယာဘာသာရပ်၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘာသာရပ်၊ ကွန်ပျူတာအင်ဂျင်နီယာဘာသာရပ်၊ စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်နဲ့ ဗိသုကာဘာသာရပ်အပြင်၊ ကွန်ပျူတာသိပ္ပံဘာသာရပ်နဲ့ ကွန်ပျူတာနည်းပညာဘာသာရပ်တွေကို သင်ကြားပို့ချပေးသွားမှာ ဖြစ်ပါတယ်။

ဘွဲ့တွေအနေနဲ့ အင်ဂျင်နီယာအထူးပြုဘာသာရပ်ဘွဲ့ ခုနစ်မျိုးဖြစ်တဲ့ Civil ၊ Mechanical ၊ Electrical Power ၊ Electronics ၊ Computer Engineering and Information Technology ၊ Agricultural Engineering နဲ့ Architecture စတဲ့ Bachelor of Engineering ဘွဲ့တွေနဲ့ ကွန်ပျူတာအထူးပြုဘာသာရပ်ဘွဲ့အနေနဲ့ Bachelor of Computer Science (Software Engineering) နဲ့ Bachelor of Computer Technology (Network and Communications) ဘွဲ့ နှစ်မျိုး စုစုပေါင်း ဘွဲ့ကိုးမျိုး အပ်နှင်းသွားမှာပဲဖြစ်ပါတယ်။

အင်ဂျင်နီယာအထူးပြု ဘာသာတွေကို ငါးနှစ်၊ ကွန်ပျူတာအထူးပြုဘာသာရပ်တွေကို လေးနှစ် တက်ရောက်ရမှာ ဖြစ်ပါတယ်။

**မေး ။ ။ တက္ကသိုလ်ဝင်ခွင့်ရမှတ်အနေနဲ့ ဘယ်လို သတ်မှတ်ထားတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ တက္ကသိုလ်ဝင်ခွင့်ရမှတ်အနေနဲ့ အင်ဂျင်နီယာအထူးပြုဘာသာရပ်တွေကို ရန်ကုန်နည်းပညာတက္ကသိုလ်နည်းတူ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ ဘာသာရပ်လေးခု စုစုပေါင်း ရမှတ် ၃၀၀ နဲ့ အထက်၊ ကွန်ပျူတာအထူးပြုဘာသာရပ်တွေအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နည်းတူ အင်္ဂလိပ်စာနဲ့ သင်္ချာ ဘာသာရပ် နှစ်ခုပေါင်း ရမှတ် ၁၄၀ နဲ့အထက် (သို့မဟုတ်) စုစုပေါင်းရမှတ် ၄၅၀ နဲ့အထက် သတ်မှတ်ထားပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လို အထောက်အကူပြုနိုင်မလဲ ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ဒီတက္ကသိုလ်က နိုင်ငံတော်တည်ဆောက်ရေးမှာ ကျင့်ဝတ်လိုက်နာပြီး အရည်အချင်းပြည့်ဝတဲ့ အင်ဂျင်နီယာပညာရှင်တွေကို မွေးထုတ်ပေးနိုင်မှာဖြစ်သလို ဒေသတွင်းနဲ့ နိုင်ငံတကာ အင်ဂျင်နီယာဘွဲ့ရလူငယ်တွေနဲ့ ရင်ပေါင်တန်းနိုင်မယ့် မျိုးဆက်သစ်အင်ဂျင်နီယာတွေကို မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မှာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီမံကိန်းတွေ၊ သုတေသနလုပ်ငန်းတွေမှာလည်း ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ပေးနိုင်မှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး အခုထက်မက ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့ အတွက် ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ ဒေသအသီးသီးမှာ ဖွင့်လှစ်ထားတဲ့ ပိုလီတက္ကနစ်တက္ကသိုလ်တွေ၊ နည်းပညာတက္ကသိုလ်တွေကို အခုထက် ဥပဓိရုပ်ပိုမိုကောင်းမွန်စေရေး၊ အခြေခံအဆောက်အဦတွေ ဖြည့်ဆည်းပေးရေး၊ သင်ထောက်ကူပစ္စည်းတွေ ဖြည့်ဆည်းပေးရေးတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြီးတော့ ဆရာ၊ဆရာမတွေရဲ့ သင်ကြားရေးနဲ့ သုတေသနဆောင်ရွက်မှု အရည်အသွေးပြည့်ဝစေရေး၊ University Industry Linkage ပိုမိုအားကောင်းခိုင်မာစေရေး၊ နိုင်ငံတကာတက္ကသိုလ်၊ အဖွဲ့အစည်းတွေနဲ့ သင်ကြားသင်ယူမှုနဲ့ သုတေသနလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ရေး၊ တက္ကသိုလ်တွေရဲ့ အရည်အသွေး အာမခံမှုနဲ့ အကဲဖြတ်ရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**မေး ။ ။ Polytechnic University တွေရဲ့ သဘောသဘာဝကို သိပါရစေ။**

ဖြေ ။ ။ Polytechnic University မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနဲ့ သင်္ချာဘာသာရပ်တွေ၊ အသုံးချသိပ္ပံ၊ စီးပွားရေးနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ပညာရပ်တွေကို ဘွဲ့ကြိုသင်တန်းတွေသာမကပဲ ဘွဲ့လွန်သင်တန်းတွေအထိ ဘာသာရပ်နယ်ပယ်စုံလင်စွာ လက်တွေ့ကျကျ လေ့ကျင့်သင်ကြားပေးမှာ ဖြစ်ပါတယ်။

အခုခေတ်မှာ နိုင်ငံ့အကျိုးပြုစီမံကိန်းတွေ၊ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံ ပေါင်းစပ်ပြီး အသုံးချဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် နည်းပညာစွယ်စုံလေ့ကျင့်သင်ကြားပေးတဲ့ Polytechnic University တွေ ဖွင့်လှစ်မှုနဲ့လည်း ကိုက်ညီမှု ရှိပါတယ်။

Polytechnic University ဆိုတာ လက်တွေ့လုပ်ငန်းခွင်နဲ့ ချိတ်ဆက်သင်ကြားပို့ချပေးတဲ့ တက္ကသိုလ်တစ်ခုပဲ ဖြစ်ပါတယ်။ လုပ်ငန်းခွင်ဝင်ဖို့ အဆင်သင့်ဖြစ်ပြီး လက်တွေ့အသုံးချနည်းပညာနဲ့ ကျွမ်းကျင်မှုတွေကို နက်နဲစွာလက်ဆင့်ကမ်းသင်ကြားပေးမှုတွေနဲ့အတူ လူ့စွမ်းအားအရင်းအမြစ်တွေ ပြုစုပျိုးထောင်ပေးတာပဲ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ သိပ္ပံနဲ့နည်းပညာဆိုင်ရာ ဘာသာရပ်နယ်ပယ်အားလုံးကို လူမှုဘဝနယ်ပယ်မှာ ပြန်လည်အသုံးချနိုင်ပြီး ဆန်းသစ်တီထွင်မှုနဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် Polytechnic University တွေဟာ ဘာသာရပ်နယ်ပယ်စုံလင်စွာ ပေါင်းစည်းပို့ချတဲ့ နေရာတစ်ခုဖြစ်ပြီးတော့ ဘွဲ့ကြိုသင်တန်းတွေသာမက ဘွဲ့လွန်သင်တန်းတွေ၊ သုတေသနလုပ်ငန်းတွေကိုပါ ကျယ်ပြန့်စွာဆောင်ရွက်တဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။

**မေး ။ ။ နိုင်ငံတကာမှာ Polytechnic University တွေကို ဘယ်လိုမျိုး ဆောင်ရွက်နေလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ နိုင်ငံတကာမှာလည်း Polytechnic University တွေကို ထူထောင်ပြီး အောင်မြင်စွာသင်ကြားပို့ချနေကြတာတွေ ရှိပါတယ်။ အစောဆုံးအနေနဲ့တော့ Ecole Polytechnique ဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ကျော်ကတည်းက ပြင်သစ် နိုင်ငံမှာ တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အာရှမှာ ဆိုရင် Hong Kong Polytechnic University(PolyU)ဆိုတာ အစိုးရတက္ကသိုလ်တစ်ခုဖြစ်ပြီး မဟာဌာနကြီး ရှစ်ခုကနေ သိပ္ပံ၊ စီးပွားရေး၊ ဆောက်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်၊ အင်ဂျင်နီယာ၊ လူမှုသိပ္ပံ၊ ကျန်းမာရေး၊ လူမှုရေး၊ ဒီဇိုင်း၊ ဟိုတယ်နှင့်ခရီးသွားစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ဘာသာရပ်များကို ပို့ချပေးပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ်အခမ်းအနားနဲ့အတူ တက္ကသိုလ်တွေ ဖွင့်လှစ်ခဲ့မှုနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ရာပြည့်အခမ်းအနားနဲ့အတူ တက္ကသိုလ်စတင်ဖွင့်လှစ်နိုင်ခဲ့မှုက ထူးခြားမှုတစ်ခုပါ။ တစ်နိုင်ငံလုံးရဲ့ ပညာရေးစနစ်နဲ့ကြည့်မယ်ဆိုရင် နိုဝင်ဘာ ၂၁ ရက်ဟာ နိုင်ငံတော်က KG+12 ပညာရေး စတင်ဆောင်ရွက်တဲ့နေ့လည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားမှာ အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကိုအတူတကွဖန်တီးတည်ဆောက်ကြပါစို့ ဆိုတဲ့ ဆောင်ပုဒ်နဲ့ဖိုရမ်၊ စာတမ်း ဖတ်ကြားမှုတွေ၊ ခေတ်အဆက်ဆက် မြန်မာအင်ဂျင်နီယာပညာရေး ဖွံ့ဖြိုးတိုးတက်လာမှုကို လေ့လာသိရှိနိုင်ဖို့ သမိုင်းပြခန်းတွေ၊ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေက ကျောင်းသား ကျောင်းသူတွေရဲ့ ပရောဂျက်ပြပွဲတွေ ပါဝင်ပါတယ်။ ပြီးတော့ ကျောင်းသားပဟေဠိပြိုင်ပွဲတွေ၊ Hackathon၊ Esports ၊ Talk show ၊ Engineering Battle တွေ ပါဝင်ပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြား လိုတာရှိရင် ပြောကြား ပေးစေလိုပါတယ်။**

ဖြေ ။ ။ နှစ်တစ်ရာ တစ်ကြိမ်သာ ကြုံရတဲ့ ကြုံတောင့်ကြုံခဲ သမိုင်းဝင်ရာပြည့်အခမ်းအနားမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတစ်ခုတည်းမဟုတ်ဘဲ တစ်နိုင်ငံလုံးမှာရှိတဲ့ အင်ဂျင်နီယာနဲ့ နည်းပညာဆိုင်ရာဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ပညာရှင်တွေ အားလုံးပါဝင်ပြီး Naypyitaw State Polytechnic University ကို အောင်အောင်မြင်မြင် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာဂုဏ်ယူပါတယ်ဆိုတဲ့ အကြောင်း ပြောကြားလိုပါတယ်။ ထို့အတူ ယနေ့မှာ KG+12 သင်ရိုးသစ်နဲ့အတူ တက္ကသိုလ်တွေမှာ စတင်ဖွင့်လှစ်သင်ကြားမှုကြောင့် ထူးခြားတဲ့ နေ့တစ်နေ့ဖြစ်တယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။



ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ

**တွေ့ဆုံမေးမြန်း – ဝင်းဝင်း**
**ဓာတ်ပုံ – အေးသန်း**

---

## ကျိုက်လတ်၌ ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ကျိုက်လတ် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ပြည်သူများကျန်းမာသန်စွမ်းစေရေးနှင့် အသက်ရှည်စွာနေထိုင်နိုင်ရေးအတွက် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကျိုက်လတ်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာန ရုံးဒေါင့်တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာသက်ဦးဟန်က ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့နှင့် ပတ်သက်၍ အားလုံးသက်ရှည်ကျန်းမာဖို့ ဆီးချိုရောဂါ ကာကွယ်ထိန်းသိမ်းလို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့ ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားတွင် ဆရာဝန်၊ ဆရာမများက ဝေဒနာရှင် ၉၄ ဦးအား ဆေးဝါးကုသမှုများပြုလုပ်၍ လိုအပ်သည့် ဆေးဝါးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိဒ္ဓိအောင်**

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားအထိမ်းအမှတ် ဒုတိယနေ့အစီအစဉ်များကို ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားအထိမ်းအမှတ် ဒုတိယနေ့အစီအစဉ်များကို ယနေ့တွင် Naypyitaw State Polytechnic University ၌ ဆက်လက်ကျင်းပသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်တွင် Forum Parallel Session များကို ခေါင်းစဉ်ငါးခုဖြင့် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများက Chairနှင့် Co-chair များအဖြစ် တာဝန်ယူဆောင်ရွက်ကြသည်။

နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုဝေးခန်းမတွင် ကျင်းပသည့် Engineering Battel ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများပါဝင်သော အသင်းကိုးသင်းတို့က သက်ဆိုင်ရာ ဘာသာရပ်များကို Performance များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဉာဏ်စမ်းပဟေဠိအစီအစဉ်ကို ကြည့်ရှုအားပေးပြီး ဆုရရှိသည့်အသင်းအားဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် Talkshow များကို ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားခြင်း၊ နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်၊ Satellites Technology Development and Their Applications၊ From Reality to Virtual Worlds: AR, VR, XR and The Metaverse in Engineering



နှင့် သုတေသနရလဒ်များကို မူပိုင်ခွင့်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာအလိုက် ပညာရှင်လေးဦးက ရှင်းလင်းဆွေးနွေး ပြောကြားခြင်း၊ ပြည်တွင်း၊ ပြည်ပတို့တွင် ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူ ကျောင်းသား ကျောင်းသူ လေးဦးတို့က အတွေ့အကြုံများကို မျှဝေပြောကြားခြင်း စသည်ဖြင့် စကားဝိုင်းဆွေးနွေးပွဲပုံစံဖြင့် လည်းကောင်း၊ Hackathon ပြိုင်ပွဲ၊ e-sport ပြိုင်ပွဲများကို လည်းကောင်း တစ်ပြိုင်တည်း ကျင်းပခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

# ခေတ်နဲ့အညီတိုးတက်အောင်၊ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် စာပေဗဟုသုတ ကြွယ်ဝဖို့လိုတဲ့အတွက် စာများများ ဖတ်စေချင်ပါတယ်

**စာပေပညာရှင်ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)**

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာတစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့်၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ၂၀၂၃ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်ခံရသော စာရေးဆရာကြီးများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



စာပေပညာရှင်ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)



စာပေပညာရှင်ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)

**စာပေပညာရှင်ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)**

"အမျိုးသားစာပေတစ်သက်တာဆုက နိုင်ငံတော်ကအသိအမှတ်ပြုတာပါ။ စာရေးဆရာဆိုတာက ကိုယ်ရေးတဲ့စာကိုဖတ်တဲ့သူရှိရင် ကြည်နူးနေတယ်။ ပီတိဖြစ်နေတယ်။ အဲဒီ ဖတ်တဲ့သူအတွက် ဘယ်လောက် အကျိုးရှိလဲဆိုတာလေး သိရရင် ပိုပြီးတော့ ပီတိဖြစ်ရပါတယ်။ ကိုယ်ရေးတဲ့စာ ဖတ်တဲ့သူဆီ အကျိုးသက်ရောက်မှုမရှိတဲ့ စာရေးမိရင်တော့ မကောင်းဘူး။ အခုကတော့ နိုင်ငံတော်အဆင့်ကနေ အသိအမှတ်ပြုတာ ဒီပုဂ္ဂိုလ်တွေရေးတဲ့ စာတွေဟာဆိုရင် နိုင်ငံတော်အတွက် အကျိုးရှိတယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ်တွေကို အသိအမှတ်ပြုတာဖြစ်ပါတယ်။ ဆရာတို့က ၁၉၅၂ ခုနှစ်ကစပြီးတော့ စာပေလောကထဲရောက်ခဲ့တာပါ။ တစ်သက်လုံး လုပ်ကိုင်လာတဲ့ လုပ်ငန်းတွေ တိုင်းပြည်အတွက် အကျိုးရှိတယ်။ ဒါအသိအမှတ်ပြုတာ ဒီချီးမြှင့်ခြင်းသည် အသိအမှတ်ပြုခြင်း ဖြစ်ပါတယ်။ အခုလို ချီးမြှင့်တယ်ဆိုတော့ ပိုပြီးတော့ပီတိဖြစ်တယ်။ ရေးတဲ့စာကို အသိအမှတ်ပြုတာ၊ အကျိုးရှိတယ်ဆိုတာကို အသိအမှတ်ပြုတာ ပီတိဖြစ်ရပါတယ်။ စာအုပ်တွေ စာပေတွေဆုရတယ်ဆိုတာ စာရေးဆရာတွေရဲ့ ပီတိကဒါပါပဲ။ အခုဆိုရင်လည်းပဲ အမျိုးသားစာပေတစ်သက်တာဆု၊ ဒါကတော့ဒီအသက်အရွယ်အထိ အသက် ၉၀ အထိ ၁၈ နှစ်သားက ရေးလာတာ ဒီလိုမျှော်မှန်းချက်နဲ့မှ မဟုတ်ဘဲနဲ့ မျှော်မှန်းချက်လည်းထားလို့မှ မရဘဲ၊ ဒီနေ့ဒီရက်မှာဆုရတာ ပီတိဖြစ်ရပါတယ်။ ကျေးဇူးလည်း တင်ရပါတယ်။ ဆုချီးမြှင့်တဲ့ အစိုးရကို ကျေးဇူးတင်ရသလိုပဲ စာဖတ်တဲ့ပရိသတ်က ဒီရေးတဲ့စာဟာ အကျိုးသက်ရောက်မှုရှိတယ်ဆိုတာကို အစိုးရကမှတ်တမ်းတင်တာ။ လူပုဂ္ဂိုလ်ခင်လို့ပေးတဲ့ပွဲမဟုတ်ဘူး။ ရေးတဲ့စာပေ၊ စာပေနယ်မှာ လှုပ်ရှားလာတဲ့လှုပ်ရှားမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ချီးမြှင့်တာဖြစ်တဲ့အတွက်ကြောင့် စာရေးဆရာလောကမှာ တန်ဖိုးအကြီးဆုံးပါ။ တစ်သက်လုံးကြိုးစားခဲ့သမျှ အသက် ၉၀ မှ အသိအမှတ်ပြုခံရတယ်။ ဒီထက်ကောင်းတဲ့ ပီတိမရှိတော့ပါဘူး" ဟု ပြောသည်။

စာရေးဆရာဦးညွန့်ဆွေသည် အဖ ဦးငွေဆိုင် (စာရေးဆရာငွေစိုး) - အမိ ဒေါ်ဆင့်တို့က စစ်ကိုင်းတိုင်းတွင် ၁၉၃၅ ခုနှစ် အောက်တိုဘာလတွင် မွေးဖွားခဲ့သည်။

၁၉၅၄ ခုနှစ် မတ်လတွင် တပ်မတော် ဗိုလ်လောင်းအဖြစ် ဝင်ရောက်ခဲ့သည်။ ဗိုလ်လောင်းသင်တန်းကျောင်း နည်းပြမှအစ စစ်ဆင်ရေးတပ်များတွင် ဒုတိယတိုင်းမှူးအဆင့်အထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။ နယ်ဘက်၊ အရပ်ဘက်တွင်ကုန်သွယ်ရေးဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး၊ ထိုင်းနှင့်စင်ကာပူနိုင်ငံတို့တွင် သံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဆင့်တာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၅၁-၁၉၅၂ ခုနှစ်တွင် ကိုယ်တွေ့စစ်ရေးမှတ်တမ်း၊ သုတ၊ ရသလုံးချင်းဝတ္ထုများ ရေးသားခဲ့သည်။ ၁၉၅၄ ခုနှစ်မှစ၍ စာရေးကျဲခဲ့ပြီး ၁၉၇၇ ခုနှစ်မှ မြဝတီမဂ္ဂဇင်းတွင် ဝတ္ထုတိုများ ပြန်လည်ရေးသားသည်။ "မောင်ဆွေသက်" ဟူသော ကလောင်အမည်နှင့် ဆက်တိုက်ရေးသည်။ ၂၀၀၂ ခုနှစ်တွင် ဒုတိယဝန်ကြီးအဆင့်မှ အငြိမ်းစားယူပြီး စာရေးခြင်းအလုပ်သာ ဆက်တိုက်လုပ်ခဲ့သည်။ လျှပ်တစ်ပြက်၊ ပေါ်ပြူလာ၊ အလင်းတန်းဂျာနယ်တို့တွင် ဆောင်းပါးများ ဆက်တိုက်ရေးသည်။ ပေါ်ပြူလာဂျာနယ်တိုက်တွင် တိုက်ထိုင်အကြံပေး၊ ၂၀၁၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းတွင် ဒုတိယဥက္ကဋ္ဌဖြင့် လည်းကောင်း၊ ၂၀၁၉ ခုနှစ်မှ ယနေ့အထိ ဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ယူလျက်ရှိသည်။ ဆရာကြီးသည် ဝဏ္ဏကျော်ထင်ဘွဲ့၊ စီမံထူးချွန်(ပထမအဆင့်)လူမှုထူးချွန်း(ပထမအဆင့်)နှင့်ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရရှိခဲ့သည်။ ယခုအခါ ရန်ကုန်မြို့တွင် မိသားစုနှင့် အတူနေထိုင်လျက်ရှိသည်။

**စာပေပညာရှင်ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)**

"ကျွန်တော့်အနေနဲ့ ၁၉၇၂ ခုနှစ်မှာ စာပေလောကကို စတင်ရောက်ရှိခဲ့ပါတယ်။ ငွေတာရီမဂ္ဂဇင်းမှာ သမိုင်းဆောင်းပါးပါလာပြီးနောက်ပိုင်း သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ဆက်ရေးဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ် နောက်ပိုင်းမှာ လုံးချင်းစာအုပ်တွေ စတင်ရေးဖြစ်ပါတယ်။ စာရေးဆရာဆိုတာ ပြည်သူတွေကို အသိပညာတိုးပွားလာအောင် လုပ်ဆောင်ဖို့လိုပါတယ်။ မိမိ၏ ကလောင်စွမ်းဖြင့် တိုင်းပြည်နှင့် လူမျိုးအသိဉာဏ်စွမ်းအား မြင့်မားလာအောင် အတွေးအခေါ်မြင့်မားလာအောင်လုပ်ဆောင်ရန် တာဝန်ရှိတယ်လို့ ခံယူပါတယ်။ လူငယ်တွေဟာ နောင်တစ်ချိန်မှာ ခေါင်းဆောင်ဖြစ်လာမယ့် သူတွေဖြစ်လို့ စာများများဖတ်ဖို့လိုပါတယ်။ ခေတ်နဲ့အညီတိုးတက်အောင်၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် စာပေဗဟုသုတ ကြွယ်ဝဖို့လိုတဲ့အတွက် စာများများ ဖတ်စေချင်ပါတယ်။ တစ်သက်တာစာပေဆုရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။ စာရေးဆရာတွေအနေနဲ့ အလိုချင်အတောင့်ဆုံးဟာ တစ်သက်တာစာပေဆု ဖြစ်ပါတယ်။ မမျှော်လင့်ပဲဆုရရှိကြောင်း သိရလို့ များစွာပီတိ ဖြစ်ရပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ ပံ့ပိုးကူညီမှုနဲ့ မြန်မာ့စာပေလောက ဆက်လက်ရှင်သန်တိုးတက်စေဖို့ ဆန္ဒပြုပါတယ်" ဟု ပြောသည်။

ဒေါက်တာကျော်ဝင်းသည် ဦးဟုတ်ဝမ် - ဒေါ်ကြင်မြိုင်တို့မှ ၁၉၄၁ ခုနှစ် ဇွန် ၂ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့၌ မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (အထွေထွေဂုဏ်ထူး) ဘွဲ့၊ (သမိုင်း)မဟာဝိဇ္ဇာ(သမိုင်း) ဘွဲ့များကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် (သမိုင်း)ဌာနတွင် နည်းပြဆရာအဖြစ် စတင်အမှုထမ်းခဲ့သည်။ ထို့နောက် လက်ထောက်ကထိက၊ ကထိကတွဲဖက်ပါမောက္ခအဖြစ် အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပါမောက္ခဌာနမှူးဖြစ်လာပြီး ၂၀၀၆ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၇၂ ခုနှစ်မှ ယနေ့ထက်တိုင် မောင်ကျော်ဝင်း (မဟာဝိဇ္ဇာ)၊ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်) သမိုင်းပါမောက္ခဒေါက်တာကျော်ဝင်း(ငြိမ်း) ကလောင်အမည်ဖြင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် နိုင်ငံရေး၊ ယဉ်ကျေးမှု၊ သမိုင်းဆောင်းပါးများကို ရေးသားခဲ့သည်။ လုံးချင်းစာအုပ်များအဖြစ် တိုင်းရင်းသားလူမျိုးအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ ၊ နိုင်ငံရေးအတွေးအခေါ်သမိုင်း၊ နိုင်ငံရေးသိပ္ပံ၏ အခြေခံသဘောတရားများ၊ ညောင်ရမ်းမင်းသား၏ နောက်ဆုံးနေ့ရက်များနှင့် အခြေခံစာတမ်းများ၊ အမျိုးသားရေးဝါဒနှင့် လူမျိုးစုပဋိပက္ခ၊ ကံ့ကော်မြေမှ ရာပြည့်တက္ကသိုလ်နှင့် အခြားစာအုပ်ပေါင်း ၂၀ ကျော်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးအတွေးအခေါ်သမိုင်းစာအုပ်ဖြင့် အမျိုးသားစာပေဆု(နိုင်ငံရေးစာပေ) ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ညောင်ရမ်းမင်းသား၏ နောက်ဆုံးနေ့ရက်များနှင့် အခြားစာတမ်းများစာအုပ်ဖြင့်ထွန်းဖောင်ဒေးရှင်းစာပေဆု(၂၀၁၆) (သုတပဒေသာဘာသာရပ်) ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်ခြင်းစာအုပ်ဖြင့် အမျိုးသားစာပေဆု (နိုင်ငံရေးစာပေ) ရရှိခဲ့သည်။ ၂၀၁၇တွင် ကံ့ကော်မြေမှ ရာပြည့်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်သမိုင်း ၁၉၂၀-၂၀၂၀ စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆု၊ (၂၀၁၈) (စာပေပဒေသာ ဘာသာရပ်)ရရှိခဲ့သည်။ သုတေသနစာတမ်းများကို ပြည်တွင်း၌လည်းကောင်း၊ ပြည်ပနိုင်ငံများတွင်လည်းကောင်း ဖတ်ကြားခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်းဆု (ပထမ)အဆင့်ရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် သိပ္ပကျော်စွာဘွဲ့ရရှိခဲ့သည်။ ယခုအခါတွင် ရန်ကုန်မြို့ လှိုင်သာယာတွင် နေထိုင်လျက်ရှိပြီး ပညာရေး၊ ကျန်းမာရေးနှင့် စာပေအလုပ်တို့ကို လုပ်ကိုင်လျက်ရှိသည်။

**အာကာလင်း၊ ဓာတ်ပုံ-တင်စိုး**

# (၂/ ၂၀၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

**(၂/၂၀၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပရာ အစည်းအဝေးသို့ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်းစဉ် ၁၄ ခု အနက် ၁၀ ခုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လုပ်ငန်းစဉ် ၄ ခုကို ၂၀၂၄ ခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် လုပ်ငန်းများ အချိန်မီပြီးစီးစေရန်အတွက် လုပ်ငန်းအဖွဲ့များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားစေလိုကြောင်း၊ အေအီးစီ(AEC)အနေဖြင့် ယခုနှစ်တွင် လုပ်ငန်း (၁၁၁)ခုကို အကောင်အထည်ဖော်ရန် ချမှတ်ထားပြီး အာဆီယံဒေသတစ်ခုလုံးအနေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် လုပ်ငန်းအများစုသည် ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်၍ လုပ်ငန်းအဖွဲ့များအနေဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

အာဆီယံအနေဖြင့် ဒေသတွင်းသာမက ဒေသပြင်ပ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နေသည့်အတွက် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများနှင့် ညှိနှိုင်းမှုများဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) အရ အာဆီယံ၏ဗဟိုကျမှု(Centrality) ကို ထိန်းသိမ်းဆောင်ရွက်ရန် အာဆီယံ၏ လုပ်ငန်းအဖွဲ့များ ညှိနှိုင်းအစည်းအဝေးများတွင် အလေးထားဆွေးနွေးစေလိုကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ်တွင် အေအီးစီ လမ်းပြမြေပုံ ၂၀၂၅ အကောင်အထည်ဖော်မှု၏ အပြီးသတ်ကာလဖြစ်သည့်အတွက် အေအီးစီလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၂၅ အလွန်တွင် အေအီးစီလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန် အေအီးစီမဟာဗျူဟာစီမံချက် (၂၀၂၆-၂၀၃၀) ကို ရေးဆွဲလျက်ရှိသည့်အတွက် လုပ်ငန်းအဖွဲ့က အကြံပြုချက်များထည့်သွင်းရန်နှင့် မူဝါဒများ ချမှတ်ရာတွင် ဒေသတွင်းကတိကဝတ်များနှင့် ကိုက်ညီမှုရှိစေရန် ကြိုတင်လေ့လာမှုများ ဆောင်ရွက်ရန်နှင့် ကဏ္ဍအလိုက် ဘာသာရပ်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သူများကို စနစ်တကျ လေ့လာသင်ကြားမှုများ ဆောင်ရွက်ရန်တို့ကို ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိဖြစ်သူ ဒေါက်တာမာလာမျိုးညွှန့်က (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် (၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးတို့၏ ဆွေးနွေးချက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ (ဒုတိယဝန်ကြီးများ)၊ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကော်မတီအလိုက် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို မြန်မာနိုင်ငံအနေဖြင့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၂၂ ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဆိုပါ လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများအဖြစ် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များက လည်းကောင်း၊ အတွင်းရေးမှူးများအဖြစ် ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း၊ သက်ဆိုင်ရာဌာနများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ နေပြည်တော်ရှိ မျှစ်ခြောက်ထုတ်လုပ်တင်ပို့မှုလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏစက်မှုဇုန်ရှိ နရိန္ဒြာ စိုက်ပျိုးရေးထွက်ကုန်တန်ဖိုးမြှင့် ထုတ်လုပ်ရေးလုပ်ငန်း၏ မျှစ်ခြောက်ထုတ်လုပ်တင်ပို့မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံက မျှစ်ခြောက်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ကုန်ကြမ်းရရှိမှု အခြေအနေ၊ မျှစ်ခြောက် ထွက်ကုန်များအား ဂျပန်နိုင်ငံသို့ နှစ်စဉ်တင်ပို့နေမှု အခြေအနေ၊ ဝါးစိုက်ခင်း တည်ထောင်ထားမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု မျှစ်ခြောက်ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး၊ ဝါးစိုက်ခင်းများ တည်ထောင်ခြင်းနှင့် လိုအပ်သော ဝါးစိုက်ပျိုးရေး နည်းစနစ်များ ပံ့ပိုးရေးကိစ္စရပ်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မျှစ်ခြောက်ထုတ်လုပ်နေမှု လုပ်ငန်းစဉ် အဆင့်ဆင့်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

# ကျောက်စိမ်းအတွဲပေါင်း ၆၁၃ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၈၅၀) အထိ ကျောက်စိမ်းအတွဲများကိုပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၆၁၃ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနေမှု၊ ရတနာကုန်သည်များက ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများ အတွင်းသို့ ထည့်သွင်းနေမှုနှင့် လုပ်ငန်းကော်မတီအလိုက် ရတနာပြပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့ပြင် ပြပွဲ ဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၈၅၁) မှ (၁၇၀၀) ထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်း ပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည် ဖြစ်သည်။



၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ၊ ကျောက်စိမ်းအတွဲ ၆၁၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ကာ ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည် ဖြစ်သည့်အပြင် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၂၂၄၀ ကိုလည်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်အတုများဖြင့် ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်သို့ တက်ရောက်ရန်ဆောင်ရွက်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်အစိုးရ၏ ပညာရေးစနစ်ကို ပျက်ပြားစေရန် ရည်ရွယ်၍ တရားမဝင် NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီဆေးပညာဘွဲ့ လက်မှတ်အတုများ ပြုလုပ်ကာ ပြည်ပတက္ကသိုလ်များတွင် ပညာသင်ကြားနိုင်သည်ဟု မက်လုံးများပေးပြီး လိမ်လည်ဆောင်ရွက်လျက်ရှိသဖြင့် ယုံမှားခဲ့သည့် ကျောင်းသား ကျောင်းသူများသည် ပြည်ပတက္ကသိုလ်များ၌ ပညာသင်ကြားရန် လျှောက်ထားရာတွင် တရားဝင်မှုမရှိသောကြောင့် သက်ဆိုင်ရာတက္ကသိုလ်များမှ လက်မခံသည့်အတွက် ကျောင်းတက်ရောက်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

ဆေးတက္ကသိုလ်(မန္တလေး)မှ Final Part II အား ၆-၁-၂၀၂၂ ရက်၊ ၈-၂-၂၀၂၂ ရက်၊ ၁၆-၁-၂၀၂၃ ရက်တို့တွင် သင်တန်းဖွင့်လှစ်ခဲ့သော်လည်း သုံးကြိမ်သတင်းပို့တက်ရောက်ရန် ပျက်ကွက်ခဲ့ပြီး စည်းကမ်းဖောက်ဖျက်ခဲ့သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ဆုပြည့်မျိုးသွက်နှင့် ၈-၂-၂၀၂၂ ရက်၊ ၁၆-၁-၂၀၂၃ ရက်၊ ၆-၅-၂၀၂၄ ရက်တို့တွင် သင်တန်းဖွင့်လှစ်ခဲ့သော်လည်း သုံးကြိမ်သတင်းပို့တက်ရောက်ရန် ပျက်ကွက်ခဲ့ပြီး စည်းကမ်း ဖောက်ဖျက်ခဲ့သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နေ သဥ္ဇာထက်တို့ နှစ်ဦးအား ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပယ်ထားခဲ့သည်။

၎င်းတို့နှစ်ဦးသည် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)၊ ယာယီတက္ကသိုလ်ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Servant– DCS) ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ် – မန္တလေး၊ ပါမောက္ခချုပ်ဟောင်း)က တရားမဝင်ထုတ်ပေးခဲ့သည့် ယာယီဆေးပညာဘွဲ့လက်မှတ်အတုတို့ဖြင့် ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိ ရေးအတွက် တရားမဝင်လျှောက်ထားခဲ့သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်မှ အဆိုပါကျောင်းသူနှစ်ဦး၏ တက္ကသိုလ်တက်ရောက်ခွင့် လျှောက်ထားမှုနှင့်ပတ်သက်၍ သံသယရှိသဖြင့် ယာယီဆေးပညာ ဘွဲ့လက်မှတ်များအား အတည်ပြုပေးနိုင်ရန် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်(မန္တလေး) သို့ အကြောင်းကြားလာခဲ့သည်။

နိုဝင်ဘာ ၂၀ ရက်တွင် အဆိုပါ ယာယီဆေးပညာ ဘွဲ့လက်မှတ်အား စစ်ဆေးအတည်ပြုခဲ့ရာ ဆေးတက္ကသိုလ် (မန္တလေး)မှ ထုတ်ပေးထားသော ဘွဲ့လက်မှတ်များမဟုတ်ဘဲ ဘွဲ့လက်မှတ်အတုများဖြစ်၍ တရားမဝင်ကြောင်း ပြန်လည်အကြောင်းကြားခဲ့သည့်အတွက် Chulalongkorn တက္ကသိုလ်မှ ၎င်းတို့ နှစ်ဦးအား တက္ကသိုလ် တက်ရောက်ခွင့် လက်မခံခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ယာယီဆေးပညာ ဘွဲ့လက်မှတ်အတုများအားပြုလုပ်ပေးသူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ (၃၅) လမ်း၊ တိုက်အမှတ်(၃၅)၊ တတိယထပ်တွင် ရုံးခန်းဖွင့်လှစ်ထားသည့် သိဏ်းချမ်း(ခ) သိန်းဝင်း(B.A; H.G.P;R.L;) Notary Public မှ တရားမဝင် Notary (သက်သေခံချက်) ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည့်အတွက် နိုဝင်ဘာ ၂၁ ရက်တွင် တရားမဝင် Notary (သက်သေခံချက်) ပြုလုပ်ပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်နေ တရားခံ သိဏ်းချမ်း (ခ) သိန်းဝင်းနှင့် သဃ်န်းကျွန်းမြို့နယ်နေ တရားခံ သက်ထက်ဦး(ခ)ဝင်းထက်မြတ်တို့ နှစ်ဦးအား ၎င်းတို့ရုံးခန်း၌ စာရွက်စာတမ်းများ အတုပြုလုပ်ရာတွင် အသုံးပြုသည့်သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် တရားခံသိဏ်းချမ်း (ခ)သိန်းဝင်း၏ ထွက်ဆိုချက်အရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)၊ ယာယီဆေးပညာ ဘွဲ့လက်မှတ်အတုအား ဘာသာပြန်ပေးခဲ့သည့် ကျောက်တံတားမြို့နယ်ရှိ M2 နိုတြီဘာသာပြန်ဆိုင်မှ ဆိုင်ပိုင်ရှင်ဖြစ်သူ မြတ်မင်းသူ အား သက်သေခံပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်ပါ၍ တရားမဝင်ယာယီဆေးပညာ ဘွဲ့လက်မှတ်အတု ထုတ်ပေးခဲ့သည့် တရားမဝင် ဆေးတက္ကသိုလ်(မန္တလေး)၊ ယာယီတက္ကသိုလ် ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း(Disloyalty Civil Servant – DCS) ဖြစ်သူ ခင်မောင်လွင်(ဆေးတက္ကသိုလ်–မန္တလေး၊ ပါမောက္ခချုပ်ဟောင်း)၊ တရားမဝင် ယာယီဆေးပညာဘွဲ့ လက်မှတ်အတုတို့ဖြင့် ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိရေးအတွက် လျှောက်ထားခဲ့သူ ဆုပြည့်မျိုးသွက်နှင့် သဥ္ဇာထက်တို့ နှစ်ဦးအား Black List (အမည်မည်းစာရင်း) ကြေညာ၍ ဖော်ထုတ်ဖမ်းဆီးကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

အကြမ်းဖက်အုပ်စု အဖြစ်ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)၊ ယာယီတက္ကသိုလ်ကောင်စီမှ ထုတ်ပေးခဲ့သည့် ယာယီဆေးပညာဘွဲ့ လက်မှတ်အတုတို့အား Notary (သက်သေခံချက်) ပြုလုပ်ပေးခဲ့သည့် ဖမ်းဆီးရမိ တရားခံ သိဏ်းချမ်း(ခ)သိန်းဝင်း၊ သက်ထက်ဦး(ခ)ဝင်းထက်မြတ်နှင့် မြတ်မင်းသူတို့ သုံးဦးနှင့်အတူ ပါဝင်ပတ်သက်သူများအား ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မိဘပြည်သူများ အနေဖြင့်လည်း မိမိတို့၏ သား/သမီးများအား နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသောတက္ကသိုလ်များတွင်သာ တက်ရောက်ပညာ သင်ကြားစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ တရားမဝင်တက္ကသိုလ်များတွင် စာသင်ကြားမှုများ မပြုလုပ်ရန်၊ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG မှ တရားမဝင် ဖွင့်လှစ်ထားသည့် တက္ကသိုလ်အပါအဝင် ပညာရေးကျောင်းများနှင့် ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Sevant–DCS) ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ် – မန္တလေး၊ ပါမောက္ခချုပ်ဟောင်း)အား တွေ့ရစဉ်။



ဆုပြည့်မျိုးသွက် (၂၆) နှစ် (ဘ)ဦးမျိုးခိုင်



သဥ္ဇာထက် (၂၅) နှစ် (ဘ)ဦးဥာဏ်ဖြိုး



တရားခံ သိဏ်းချမ်း (ခ) သိန်းဝင်း



တရားခံ သက်ထက်ဦး (ခ)ဝင်းထက်မြတ်



အကြမ်းဖက်အုပ်စု အဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် ဆုပြည့်မျိုးသွက်၏ ယာယီဆေးပညာ ဘွဲ့လက်မှတ်အတုအား တွေ့ရစဉ်။



အကြမ်းဖက်အုပ်စု အဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် သဥ္ဇာထက်၏ ယာယီဆေးပညာ ဘွဲ့လက်မှတ်အတုအား တွေ့ရစဉ်။



ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပယ်ခံထားရသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဆန်းဝင်းရပ် ၃၉x၄၀ ကြား အကွက် (၅၂၄) ၈၅ လမ်းနေ ဆုပြည့်မျိုးသွက်၏ Notary အတုအား တွေ့ရစဉ်။



ဆေးတက္ကသိုလ်(မန္တလေး)မှ ထုတ်ပယ်ခံထားရသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက် အောင်စေရုံရပ် မြို့ပတ်လမ်း အမှတ်(၁)နေ သဥ္ဇာထက်၏ Notary အတုအား တွေ့ရစဉ်။



အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် ဆုပြည့်မျိုးသွက်၏ ဘွဲ့လက်မှတ်အတုဖြင့် လာရောက်လျှောက်ထားမှုအား ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်မှ အကြောင်းကြားထားရှိမှုအား တွေ့ရစဉ်။





တရားခံ သိဏ်းချမ်း(ခ)သိန်းဝင်း၏ နိုတြီပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် တံဆိပ်တုံးများနှင့် ဖုန်းအား တွေ့ရစဉ်။



အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် သဥ္ဇာထက်၏ ဘွဲ့လက်မှတ်အတုဖြင့် လာရောက်လျှောက်ထားမှုအား ထိုင်းနိုင်ငံ Chulalongkorn တက္ကသိုလ်မှ အကြောင်းကြားထားရှိမှုအား တွေ့ရစဉ်။



အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် သဥ္ဇာထက်၏ အမှတ်စာရင်းအတုအား တွေ့ရစဉ်။



M2 နိုတြီဆိုင်ပိုင်ရှင် တရားခံ မြတ်မင်းသူ(၃၀) နှစ်



နိုတြီပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် တရားခံ မြတ်မင်းသူ၏ Laptop နှင့် ဖုန်းအား တွေ့ရစဉ်။



အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ တရားမဝင်ထုတ်ပေးထားသည့် ဆုပြည့်မျိုးသွက်၏ အမှတ်စာရင်းအတုအား တွေ့ရစဉ်။

## မှော်ဘီမြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော



**မှော်ဘီ နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းပြုလုပ်သော ရာသီဥတု ပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ မြို့နယ်အဆင့် အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန့်စင်ကျော်က မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ဆိုးကျိုးများနှင့် ဖြစ်ပေါ်လာစေနိုင်သော ရောဂါများ၊ လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

**ကောင်းမြတ်သူ (မှော်ဘီ)**

## မရမ်းကုန်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး



**မရမ်းကုန်း နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သစ်တောဦးစီးဌာနက နိုဝင်ဘာ ၂၁ ရက်က မရမ်းကုန်းမြို့နယ် အထက (၃)၌ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မျိုးသူက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၅ ဦး တက်ရောက်ခဲ့ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သဇင်(ပြန်/ဆက်)**

## ပေါင်မြို့နယ် ကော့ထော်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်

**ပေါင် နိုဝင်ဘာ ၂၂**

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ထော်ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်လင်းဦးနှင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်လင်းဦးက စာကြည့်တိုက်ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မည့် စာကြည့်တိုက်ကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများအား အကျိုးပြုနိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ လှူဒါန်းရရှိငွေကျပ်သိန်း ၁၅ဝ နှင့် ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေတို့ဖြင့် အလျား ပေ ၂၀၊ အနံ ၁၉ ပေရှိ အာရ်စီ တစ်ထပ်အဆောက်အအုံနှင့် စာကြည့်တိုက်သုံးပရိဘောဂနှင့် စာအုပ်စာစောင်များ ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## မြိတ်မြို့၌ စီမံကိန်းကျေးရွာများအတွက် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ ကျင်းပ

**မြိတ် နိုဝင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြည်သူများအား အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း ကျေးရွာများအတွက် လုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲကို နိုဝင်ဘာ ၂၀ ရက်က အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

လုပ်ငန်းသုံးပစ္စည်း ပေးအပ်ပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အမှာစကား ပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်း အကြောင်းအရာများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်း ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းသုံးပစ္စည်းများကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်ကြသည်။ ဆက်လက်၍ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေး ကျေးရွာကော်မတီအဖွဲ့ ခေါင်းဆောင်နှင့် ထူးချွန် သင်တန်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။ ပေးအပ်ပွဲအပြီးတွင် တက်ရောက်လာကြသူများက ခန်းမအတွင်းရှိ လုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **ခိုင်ထူး (ပြန်/ဆက်)**



## တံတားဦးမြို့နယ် သမအသင်းစု နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**တံတားဦး နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သမဝါယမအသင်းစုမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်က အမှတ်(၃)ရပ်ကွက် အင်းဝခန်းမ၌ ကျင်းပရာ တံတားဦးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဌေးဦးနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်းတို့က အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အဖွဲ့ဝင် ဦးဝင်းမြင့်မောင်က လုပ်ငန်းစဉ်များနှင့် မြို့နယ်ဦးစီးအရာရှိ ဦးကျော်ကျော်နောင်က ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးပြီး အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၉ ရက်က တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများနှင့် ဓာတ်အားပျောက်ဆုံးမှု အခြေအနေများ၊ ဓာတ်အားခ ကြွေးကျန်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဓာတ်အားပျောက်ဆုံးမှု တွက်ချက်ရာတွင် မှန်ကန်မှုရှိစေရေး ဖီဒါတစ်ခုချင်းစီအလိုက် မီတာဖတ်မှတ်တမ်းကတ်များကို လစဉ်မှန်ကန်ပြည့်စုံစွာဖြည့်သွင်းထားရှိရန်၊ အခြားမြို့နယ်များနှင့် ဆက်စပ်အသုံးပြုနေသည့် ၄၀၀ ဗို့ဓာတ်အားလိုင်းရှိ မီတာများကို မြို့နယ်သီးခြားစီတည်ဆောက်နိုင်ရေး အမြန်ဆောင်ရွက်ရန်၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရန် စစ်ဆေးကြပ်မတ်ရေး၊ ဓာတ်အားခကြွေးကျန်ကျဆင်းရေး၊ ဓာတ်အားခများ သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရရှိရေးကြိုးစားဆောင်ရွက်ရန်မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**



## မော်လမြိုင်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၂**

မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေးအသိပညာပေး ဟောပြောပွဲကို အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပသည်။

ဟောပြောပွဲသို့ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြပြီး အဆိုပါဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးနိုင်က ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်း၊ လျှော့ချရမည့် နည်းလမ်းများ၊ ရာသီဥတုကောင်းမွန်လာစေခြင်း၊ မြန်မာနိုင်ငံ ဒီရေတောများ၊ ဒီရေတောနှင့် ကမ်းရိုးတန်းဂေဟစနစ်ဝန်ဆောင်မှုများကိုလည်းကောင်း၊ တောအုပ်ကြီး ဦးအောင်ဇော်လတ်က မီးခိုးမြူငွေ့ ဖြစ်ပေါ်လာသည့်အချက်များနှင့် ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများနှင့် Fire Hotspot များ၏ အကြောင်းရင်းများကို ဟောပြောခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက (၃) Grade-9 မှ မောင်လင်းစစ်ပိုင်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းအေး (၁၀/မဒန(နိုင်)၁၂၁၁၆၆) ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းအေး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 82W/47593, New Zhineng Wave ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/25108, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၁၄/နေဖ(နိုင်)၀၉၅၄၅၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်) မအူပင်မြို့**

## အမည်မှန်

(ဘ) ဦးနေမျိုးဝင်း ၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အထက်ပိုင်းရပ်ကွက်၊ ၁၂ လမ်းထိပ်နေ မောင်ထက်အောင်အောင် ၏ အမည်မှန်မှာ မောင်ဖြိုးမင်းသော် ၁၄/အမန(နိုင်) ၁၉၁၀၀၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ဦးကျော်စိုးလွင်၏သား မောင်အောင်ခန့်ဇော်၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရ (၂၀-၈-၂၀၀၀) ဖြစ်ပါကြောင်း။

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**တောင်ကြီးမြို့နယ်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၅ နှင့်ဆက်နွှယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၇၂**

| | | |
|---|---|---|
| ဒေါ်လှလှဌေး | နှင့် | ၁။ ဦးတင်ရှိန် <br> ၂။ ဒေါ်ခင်စိုး |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

အမှတ်(၁၄၃)၊ ရွှေဝါလမ်း၊ နယ်မြေ(၂)၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ တောင်ကြီးမြို့နေ ဦးတင်ရှိန်နှင့် ဒေါ်ခင်စိုး အတူနေလင်မယား)(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၅တွင် ကျန်ရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်လှလှဌေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတခုခုရှိလျှင်ပြ၍ ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြဖြေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း(၃)ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွတ်ရီန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

မုံရွာမြို့၊ ချမ်းမြဝတီရပ်၊ စိန်ရတနာလမ်းနေ (ဘ)ဦးတင်ရ၏သား၊ ကျွန်တော် သိန်းနိုင်ဝင်း ၅/ဒပယ(နိုင်)၀၇၇၄၄၅၏ နိုင်ငံကူးလက်မှတ်အမှတ် MB-690746 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၁၁၈၁၃၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးတင်လှ ၏သမီး ဒေါ်မြမာလာ (၇/ရတန(နိုင်)၀၀၆၂၄၀) ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၆၈၂ ၁၈၂ ၃၄၁**

## ဖခင်အမည်မှန်

မကွေးမြို့၊ မကျီးကန်ကျေးရွာနေ မောင်အောင်နိုင်နှင့် မကွေးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12မှ မောင်ရန်လင်းနိုင်တို့၏ ဖခင် ဦးမောင်ကြိုင်၏ အမည်မှန်မှာ ဦးမောင်မောင်ကြိုင် ၈/တတက(နိုင်)၀၆၆၉၆၀ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်ကြိုင်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မောင်းတိုင် (၂)ရပ်ကွက်၊ အပိုင်း(၆)နေ ဦးအောင်သင်း၏သား ကျွန်တော် ဦးသော်တာဝင်း ၈/တတက(နိုင်)၁၂၁၅၅၉၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-751747)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၄၅၄၉၀၃၃**

## ပတ်စ်ပို့ပျောက်

ပုသိမ်မြို့၊ ကြက်ပေါင်ရွာနေ (ဘ) ဦးဆန်းဝင်း ၏သမီးဖြစ်သူ မနန္ဒာစိုး(၁၄/ပသန(နိုင်)၃၀၉၄၉၁) ၏ နိုင်ငံကူးလက်မှတ်အမှတ် ME-217311 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၆၉၃ ၇၄၇ ၀၈၀**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ရဒေးကျေးရွာအုပ်စု၊ ရဒေးကျေးရွာနေ (ဘ) ဦးမြတ်မိုး ၏သမီး မသွဲ့ယမင်းမြတ် ၈/စလန(နိုင်)၁၈၉၇၃၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH 907206 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၉၆၅ ၄၅၁ ၂၉၄**

## ပတ်စ်ပို့ပျောက်

လားရှိုးမြို့၊ ရပ်ကွက်(၁၀)နေ စိုင်းသူရဇော် ၁၃/လရန(နိုင်) ၁၃၂၃၉၃ ၏ Passport စာအုပ် (MC 251487) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉ ၄၁၉ ၂၅၃ ၃၂၉**

## ပတ်စ်ပို့ပျောက်

တန့်ယန်းမြို့၊ ရပ်ကွက်(၂)၊ အုပ်စု(၁) နားမိုင်နေ နန်းခမ်းလီ ၁၃/တယန(နိုင်)၀၅၄၄၅၀ ၏ နိုင်ငံကူးလက်မှတ် (ME479560) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၆၅၂ ၂၉၇ ၆၅၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါ်တူး(ခ)ဒေါ်တူးတူး ၈/မကန(နိုင်) ၁၂၉၀၉၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ (B)၊ (၅) လမ်း၊ မြေကွက်အမှတ် - ၃၂၄ ဟုခေါ်တွင်သော အလျား (၆၀) ပေ x အနံ (၄၀) ပေရှိ မြေကွက်အား မူလချထားခြင်းခံရသူ ဦးဟာဟုန်းမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေမှ အဆက်အစပ် စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းမြေကွက်အား ယခုအချိန်ထိ လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေမှ အထက်ဖော်ပြပါ ပိုင်းမြေကွက်အား ရောင်းချရန်စီစဉ်လျက်ရှိရာ ယင်းပိုင်းမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား ငွေသွင်းပြေစာ၊ အကြောင်းကြားစာနှင့် အခြားပတ်သက်သည့် စာချုပ်စာတမ်းမူရင်းများမှာ ပျောက်ဆုံးသွားသဖြင့် ကန့်ကွက်လိုသူများရှိပါက မူလစာချုပ်စာတမ်းမူရင်းများနှင့်အတူ ယခုကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးကိုကိုထွေး (LL.B)**
**အထက်တန်းရှေ့နေ၊ စဉ် (၅၃၂၃၄)**
**အမှတ် (၃၀၈)၊ သဇင် (၄)လမ်း၊ ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့၊**
**ဖုန်း-၀၉-၄၃၁၃၈၆၈၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောင်းမြမြို့နယ်၊ ရေကျော်ကျေးရွာအုပ်စု၊ ရခိုင်ကုန်းကျေးရွာနေ မောင်အောင်မျိုးလင်း ၁၄/မမန(နိုင်)၃၄၄၄၃၁၏ ဖခင် ဖြစ်သူ ဦးသိန်းဝင်း ၁၄/ငပတ(နိုင်)၀၅၀၃၁၆ နှင့် ဦးဝင်းမြင့်တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## သားအဖြစ်မှစွန့်လွှတ်ခြင်းနှင့် အမွေဆက်ခံခွင့်မရှိတော့ကြောင်း အမွေပြတ်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ဥယျာဉ်စုအုပ်စု၊ ဦးကျေးရပ်နေ ဦးလှမြင့် ၉/ပမန(နိုင်)၁၄၁၃၄၁၊ ဒေါ်မြင့် ၉/ပမန(နိုင်)၀၈၄၄၂၅ ကိုင်ဆောင်သူတို့၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်-

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သည့် ဦးလှမြင့်၊ ဒေါ်မြင့်တို့၏သားဖြစ်သူ မောင်မင်းကိုနိုင် ၉/ပမန(နိုင်)၃၀၅၄၈၉ သည် အလုပ်အတူလုပ်ကိုင်သူများနှင့်အတူ လားရှိုးမြို့သို့ လိုက်ပါသွားခဲ့ပါသည်။ ထိုသို့ လိုက်ပါသွားပြီးနောက် ၂၀၂၃ ခုနှစ် ( ၈)လပိုင်းလောက်တွင် ၎င်း၏သဘောဆန္ဒတစ်ခုတည်းဖြင့် မိန်းမယူထားပြီးဖြစ်ကြောင်း၊ မိခင်ထံအကြောင်းကြားလာပါသည်။ မောင်မင်းကိုနိုင်မှာ မိဘနှစ်ပါးနှင့်ဆွေမျိုးများအားခွင့်ပြုချက်တောင်းခြင်း ဆန္ဒသဘောထားခံယူခြင်းတို့ မပြုလုပ်ဘဲ ၎င်း၏သဘောဆန္ဒဖြင့် အိမ်ထောင်ပြုထားသဖြင့် မိဘနှစ်ပါးမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲများ၊ များစွာခံစားနေရပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေများကသားဖြစ်သူ မောင်မင်းကိုနိုင် အိမ်ထောင်ပြုထားသည်ကို သဘောမတူသည့်ပြင် သည်းခံခွင့်လွှတ်မည်လည်းမဟုတ်ကြပါ။ အိမ်ထောင်ပြုသည့်ရက်မှစ၍ သားဖြစ်သူ မောင်မင်းကိုနိုင်ကို သားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်သည့်အပြင် အမွေပြတ်ကြေညာလိုက်ပါသည်။

မောင်မင်းကိုနိုင်အား သားအဖြစ်မှ စွန့်လွှတ်လိုက်သည်ပြင် အမွေဆက်ခံခွင့်မရှိတော့သဖြင့် နောက်နောင် မောင်မင်းကိုနိုင်နှင့် ပတ်သက်သမျှကိစ္စအဝဝမှာ ကျွန်ုပ်တို့၏မိတ်ဆွေတို့နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း မောင်မင်းကိုနိုင်နှင့်ပတ်သက်သမျှကိုလည်း ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ကြေညာလိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသီးခံပါ)**

**လွှဲအပ်ချက်အရ-**
**ဦးစံထွန်းကြူ (စဉ်-၆၅၁၁) ဒေါ်ဂျူးဂျူးစံ( စဉ်-၁၃၉၈၉)**
**တရားလွှတ်တော်ရှေ့နေများ အမှတ် (၃/၆၅ ) ဦးရန်ကျော်လမ်း၊ ရွှေချီအုပ်စု၊ ချမ်းအေးရပ်၊ ပျဉ်းမနားမြို့**

## ဦးမြင့်အောင် (ဘ)ဦးချစ်လှိုင် ၁၂/သဃက(နိုင်)၀၀၆၆၇၅ သိစေရန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ (၁၇၀/၁၇၆) MGW Center တွင် ကြီးကြပ်ရေးမှူးအဖြစ် (၄-၁၁-၂၀၂၄)တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ (၁၈-၁၁-၂၀၂၄)ရက်တွင် လျှပ်စစ်မီတာဘေလ်ပေးသွင်းရန်အတွက် ငွေကျပ်(၂,၈၅၇,၀၀၀/-)(ကျပ်နှစ်ဆယ့်ရှစ်သိန်းငါးသောင်းခုနှစ်ထောင်တိတိ)အား ဘဏ္ဍာပေးသွင်းခြင်းမပြုဘဲ အလွဲ သုံးစားလုပ်၍ ရှောင်တိမ်းနေပါသဖြင့် (၇)ရက်အတွင်းလာရောက်ဖြေရှင်းပါရန်နှင့် ဖြေရှင်းခြင်းမပြုဘဲ ရှောင်တိမ်းနေပါက ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းဇံ**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၉၁၈၂/၁၀-၄-၂၀၂၄)**
**အမှတ်(၁၀၁-အေ/ပထပ်)၊ ဆိပ်ကမ်းသာလမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၉၅၁၇၊ ၀၉-၉၅၀၂၄၂၅၂၄**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်-၁၆/မီးကြာရိုးတောင်၊ ဦးပိုင်အမှတ်-(၉၄)၊ မြေဧရိယာ ၀ ဒသမ ၀၈၇ ဧကရှိမြေကွက်အား မြေငှားဂရန်အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်စမ်းစမ်းဝင်း ၉/မမန(နိုင်)၀၁၉၆၈၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

၆။ အစုရှယ်ယာလက်မှတ်အသစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းခြင်းစသည့် အစုရှယ်ယာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ၂၁-၁၁-၂၀၂၄ ရက်မှ ၂၂-၁၂-၂၀၂၄ရက်အထိ ခေတ္တရပ်နားထားမည် ဖြစ်ပါသည်။

၇။ Online Registration၊ အစည်းအဝေးဆိုင်ရာ စာရွက်စာတမ်းများရယူခြင်းနှင့် အစည်းအဝေးတက် ရောက်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် MICTDC Call Center ၏ Viber Phone No: ၀၉-၈၈၀၀၈၇၇၇၀၁၊ ၀၉-၈၈၀၀၈၇၇၇၀၂ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ
ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီလီမိတက်

---

### ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### တောင်ကြီးခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၇ နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၀

ရှမ်းပြည်နယ်အစိုးရအဖွဲ့ (၎င်း၏ကိုယ်စားညွှန်ကြားရေးမှူး ဦးသောင်းတင်ထွေး) **(ဒီကရီအနိုင်ရသူ)**
နှင့်
၁။ K.KAN Co.,Ltd (၎င်းကုမ္ပဏီ၏ ကိုယ်စားဥက္ကဋ္ဌ ဒေါ်တင်တင်ထွေး )
၂။ ဦးအောင်ကျော်နိုင်
**(တရားရှုံးများ)**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နေလလမ်း၊ အမှတ် ၉၂/၁၀ နေ(၁-တရားရှုံး) K.KAN Co.Ltd (၎င်းကုမ္ပဏီ၏ကိုယ်စား ဥက္ကဋ္ဌ ဒေါ်တင်တင်ထွေး) နှင့် (၂-တရားရှုံး) ဦးအောင်ကျော်နိုင် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၇ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေဝေလွင်)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

---

### ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### တောင်ကြီးခရိုင်တရားရုံးတော်
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၆ နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၉

ရှမ်းပြည်နယ်အစိုးရအဖွဲ့ (၎င်း၏ကိုယ်စားညွှန်ကြားရေးမှူး ဦးသောင်းတင်ထွေး ) **(ဒီကရီအနိုင်ရသူ)**
နှင့်
၁။ K.KAN Co.,Ltd (၎င်းကုမ္ပဏီ၏ကိုယ်စားမန်နေဂျာ ဦးစိုးမင်းထွန်း)
၂။ ဒေါ်တင်တင်ထွေး
၃။ ဦးအောင်ကျော်နိုင်
**(တရားရှုံးများ)**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ နေလလမ်း၊ အမှတ် ၉၂/၁၀ နေ(၂-တရားရှုံး) ဒေါ်တင်တင်ထွေးနှင့် (၃-တရားရှုံး) ဦးအောင်ကျော်နိုင် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၅ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေဝေလွင်)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/1089 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

---

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ ပြည်သာယာဈေး၊ အိမ်အမှတ်(၅၂၇)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လင်းလင်းစိမ်း ၁၂/မဂတ(နိုင်)၀၀၉၂၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(ဦးထွန်းမြင့်ဇော်)နှင့် ဒေါ်လင်းလင်းစိမ်းတို့တွင် သားသမီး(၄)ဦးရှိသည့်အနက် ဒုတိယသမီးဖြစ်သူ မလင်းဝတ်ရည်ထွန်း ၁၃/ကလန(နိုင်)၁၃၆၂၈၃ သည် ဖခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် မိခင်ဖြစ်သူ၏ ပြောဆိုဆုံးမမှုများကို နာခံမှုမရှိခြင်း၊ မိခင်ဖြစ်သူနှင့် ညီအစ်ကိုမောင်နှမများပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် ပြုမူသည့်အပြင် မိသားစုဂုဏ်သိက္ခာ ကျဆင်းညှိုးနွမ်းစေရန် အခါခါ ပြုလုပ်လာသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ မလင်းဝတ်ရည်ထွန်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းနှင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ ကြောင်း မလင်းဝတ် ရည်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်လင်းလင်းစိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခွန်ငွေးအောင်ကျော် (LL.B, C.B.L, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၁၈)**
**အမှတ် (၂၀)၊ ပြည်ထောင်စုလမ်းမကြီး၊ မိုးကောင်းရပ်ကွက်၊ အောင်ပန်းမြို့**
**ဖုန်း-၀၉-၄၀၂၆၁၁၃၃၉**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊အ-လ-က (၁၄)မှ မူလတန်းပြဆရာမ မညွန့်ရီ(ခ)နန်းဟွမ်နွမ်း ၁၃/တကန(နိုင်)၀၄၆၉၇၄ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မညွန့်ရီ(ခ)နန်းဟွမ်နွမ်း**

---

### မိခင်အမည်မှန်

ရပ်စောက်မြို့၊ ဥတ္တံတား ရပ်ကွက်နေ မမြတ်လေးအောင် ၁၃/ရစန(နိုင်)၁၀၇၈၇၄ ၏ မိခင်အမည်မှန်မှာ ဒေါ်စမ်း စမ်းပို ၁၃/ရစန(နိုင်)၀၀၈၆၅၁ ဖြစ်ပါကြောင်း။

---

### မိဘအမည်မှန်

ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်(၆)၊ အမှတ်(၄)၊ မူလတန်းကျောင်း Grade-3 မှ မယွန်းဝတီဖြိုး၏ မိဘအမည်မှန်မှာ ဦးတင်ဦး ၁၀/ကမရ(နိုင်) ၂၁၁၁၀၄ နှင့် ဒေါ်ခင်သန်း ၁၀/ကမရ(နိုင်) ၂၀၉၃၂၃ တို့ ဖြစ်ပါကြောင်း။

**ဦးတင်ဦး-ဒေါ်ခင်သန်း**

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/22278 Dayang-125 ယာဉ်လက်ဝယ်ရှိသူ Thet Htar Zin Co.,Ltd က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး
(မင်းဘူး)

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇၉ယ/၃၄၁၈၅ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး
(မကွေး)

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊အ-လ-က (၁၄) မှ မူလတန်းပြဆရာမ ဒေါ်နန်းလှငွေး (ခ) မလှငွေး ၁၃/တကန(နိုင်)၀၂၁၂၃၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်နန်းလှငွေး(ခ)မလှငွေး**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/၅)တိုးချဲ့၊ ကေတုမာလာရိပ်သာ၊ မြေကွက်အမှတ်(၁၄၆/က)၊ ဧရိယာပေ(၂၀x၆၀)ရှိ ဒေါ်တင်ရီအမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်၏ သားသမီးများဖြစ်ကြသော ဦးအောင်ချိန် ၁၂/ဥကတ(နိုင်)၀၂၃၄၀၇ အပါအဝင် သားသမီးလေးဦးတို့က အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၃၂၀**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အထက(၉)မှ ဒုလယ်ပြဆရာမ ဒေါ်ချိုချိုအေး ၁၃/တကန(နိုင်)၁၄၇၉၃၈ ၏ ဖခင် ဦးစိန်မောင်(ခ) ဦးစိုးညွန့် သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ ယုဇနလမ်းခွဲ၊ အိမ်အမှတ်(၂၄၀)နေ ကျွန်မ ဒေါ်ခင်မာချို(ခ) မလှလှ၏သား မောင်နိုင်လင်းဦး ၁၃/တကန(နိုင်) ၃၀၁၆၄၉သည် မိခင်၏ဆိုဆုံးမမှုကိုနားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဒုက္ခပေးပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ် စွန့်လွှတ် လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်ခင်မာချို**
**၁၃/တကန(နိုင်)၀၀၂၈၀၆**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ ဇီဇဝါလမ်း၊ မြေကွက် အမှတ်(၂၃၂၉)၊ ပေ(၄၀x၆၀)ရှိ မြေချပါမစ် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အား ဦးတင်ဝင်း အမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစန်းနိုင် ၁၂/လကန(နိုင်)၀၇၀၃၃၁မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအပြည့် အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်သီရိအောင် (ဘ) ဦးသန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးသိန်းထူး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)**
**ဦးဇော်မိုးလွင် LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

---

### ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန်ချိန်းဆိုသည့် နေ့ရက်ကိုလျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)
### ပြည်ထောင်စုတရားလွှတ်တော်ချုပ်
### ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၇၈၉

ဦးကျော်နွေဦး **(လျှောက်ထားသူ)**
နှင့်
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် (၎င်းကိုယ်စားဒုတိယညွှန်ကြားရေးမှူး တရားစီရင်ရေးဌာန)ပါ-၂ **(လျှောက်ထားခံရသူများ)**

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ်-၂၁၅/၂၀၂၃ ၏ စီရင်ချက်နှင့် ဒီကရီမှ ပြင်ဆင်မှု လျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ ၂။ ဦးကျော်စိုးသန့်(ခ) ဦးကြည်မင်းခန့် တိုက်ကြားလမ်း၊ တရုတ်စုရပ်၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။ ဤအမှုတွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီမှ ပြင်ဆင်မှုလျှောက်လွှာ(၁)စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သီတာက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက် ၁၀:၀၀ နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးသက်မော်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်ရေးမှူးရုံး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၃၅ )၊ တပင်ရွှေထီးလမ်းနှင့်ပတ္တမြားလမ်းထောင့်၊ မြေကွက်အမှတ်( ၁၇၈ + ၁၇၉ )၊ အကျယ်အဝန်း (၀.၁၁-ဧက)( ၈၀ပေ× ၆၀ပေ )ရှိ ဒေါ်အေးမို့မို့ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးရွှေနု (၁၂/ဒဂန(နိုင်)၀၂၀၀၅၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုင်းအိုက်ခိုင် (၁၃/မရတ(နိုင်)၀၁၄၅၇၅)က ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

ဖုန်း- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ အောင်ချမ်းသာလမ်း အမှတ်(၂/၃၀၆)၊ အရှေ့အနောက် (၁၀၃)ပေ၊ တောင်မြောက်(၃၄)ပေ မြေကွက်နှင့် အဆောက်အအုံအား လက်ဝယ်ထားရှိ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သန္တာချိုထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသအား ၂၁-၁၁-၂၀၂၄ ရက်က စရန်ပေးစာချုပ်ချုပ်ဆိုကာ ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာလုံလောက်သော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှိုင်မင်းဟန် LL.B (စဉ်-၁၄၂၂၇/၂၀၁၈) (တရားလွှတ်တော်ရှေ့နေ)

ဦးဇင်မင်းနိုင် LL.B (စဉ်-၅၃၃၇၃/၂၀၂၂) (အထက်တန်းရှေ့နေ)

ဦးဌေးမင်းစိုး LL.B (စဉ်-၅၆၄၆၅/၂၀၂၄) (အထက်တန်းရှေ့နေ)

ယ၆/(၅၅-ခ)၊ အောင်သပြေလမ်း၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၄၂၀၇၅၅၆၄၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် (၆၃၇/၆၅၁)၊ အခန်းအမှတ် (၆၀၈)၊ (၇)လွှာ၊ (အလျား ၁၆ ပေX အနံ ပေ၆၀) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမြင့်ဝေ ၁၂/ပဘတ (နိုင်)၀၁၄၆၉၆မှ ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လင်းလက်လေးမောင် (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ် - ၃၈၉၀၄)
အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၄၂၅၂၂၀၀

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာ အနောက်ရပ်၊ မြေရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်အမှတ်(ဥ-၁၂၂၁)၊ ဒေါ်ထွန်း ၉/ဥတသ(နိုင်)၀၁၀၅၁၁ (ဘ) ဦးဖွေး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်ထွန်း ၉/ဥတသ(နိုင်)၀၁၀၅၁၁ (ဘ) ဦးဖွေးမှ ဒေါ်ဌေးဌေးနွယ် ၁၄/မအပ(နိုင်)၁၆၃၀၄၄ (ဘ) ဦးသန်းထွန်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

သဃ်န်းကျွန်းမြို့နယ်တရားရုံး

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉ နှင့် ဆက်နွယ်သည့်

၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂

ဦးသန့်ဇင် — နှင့် — ဒေါ်ခိုင်မင်းသူ

ဒီကရီအနိုင်ရသူ — တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ညာတိလမ်း၊ အမှတ်(၁၅၅)နေ တရားရှုံး ဒေါ်ခိုင်မင်းသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အေးချမ်းပိုင်)
တွဲဖက်မြို့နယ်တရားသူကြီး
သဃ်န်းကျွန်းမြို့နယ်တရားရုံး

## မိဘအမည်မှန်

တာချီလိတ်မြို့၊ အထက(တာချီလိတ်)ကျောင်း၊ Grade-6 (C)မှ ကျောင်းဝင်အမှတ်(၂၇၈၅)၊ မတင်တင်ဝင်း၏ မိဘအမည်မှန်မှာ ဦးမျိုးမင်းထွန်းနှင့် ဒေါ်အိရှဲန် ဖြစ်ပါကြောင်း။

## အမည်မှန်

တာချီလိတ်မြို့၊ အထက(တာချီလိတ်)ကျောင်း၊ Grade-4 (E) မှ ကျောင်းဝင်အမှတ်(၃၃၀၉)၊ မအိမ့်ရွှေကြာဖူး၏ အမည်မှန်မှာ မအင်ကြင်းခေတ် ဖြစ်ပါကြောင်း။

မအင်ကြင်းခေတ်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ နေ့သင်တန်း၊ ဓာတုဗေဒ (စတုတ္ထနှစ်) အောင်၊ ခုံအမှတ်၊ ၄၈-၂မှ နန်းစမ်ဟွမ်၏ ဖခင် ဦးဆုစာလိန်(ခ)ဦးဆုဇာလိန် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဆုစာလိန် (ခ) ဦးဆုဇာလိန်

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/35920 Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ကြည် ၁၃/တယန(နိုင်)၀၄၀၆၃၆မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 81W/74038 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
ဟသ်ာတမြို့

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့နယ်၊ သဲကျွန်းကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေရိယာ(၀ဒသမ၀၅၅)ဧက၊ မြေကွက်အမှတ် (ဥသ-၄၂၁၈) နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို အမည်ပေါက် ဒေါ်နီနီ (ဘ) ဦးဘမောင် ၉/မရတ(နိုင်)၀၉၆၃၃၄ (တရားရှုံး)ကိုယ်စား ဥတ္တရသီရိမြို့နယ် တရားရုံး၏ဘိလစ်စာရေး ဒေါ်နှင်းဝတ်ရည်လှိုင်(ဘ) ဦးဇော်နိုင်ထွန်း ၉/တကန(နိုင်)၂၂၂၀၁၅မှ ဥတ္တရသီရိမြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ်(၂၁/၂၀၂၂) တရားမဇာရီမှုအမှတ် (၃/၂၀၂၃) တင်ပြ၍ ဒေါ်ခိုင်ခိုင်မြင့် ၁၀/ခဆန(နိုင်)၀၀၃၉၇၀ (ဘ) ဦးမြင့်မောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်

မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကမ်းနားလမ်း၊အမှတ်(၅၅)နေ (ဘ) ဦးလှစိန်၏သမီးဖြစ်သူ ဒေါ်မြင့်မြင့်အေး ၁၄/မအပ(နိုင်)၀၀၁၃၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာလိုက်သည်။

ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော ငါးကန်များကို ဦးကျော်ကျော်ဦးနှင့် ဦးသန့်မြတ်အာကာမှ ဝယ်ယူလိုကြောင်းကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်မိတ်ဆွေနှင့်ဈေးညှိနှိုင်းကာ ၁၂-၅-၂၀၂၂ ရက် ငါးမွေးကန် အရောင်းအဝယ် စရန်ပေးစာချုပ် ချုပ်ဆို၍ ကျန်ငွေကို ၁၂-၁၁-၂၀၂၂ နှင့် ၁၂-၃-၂၀၂၃ ရက် ပေးချေရန် ဖြစ်သော်လည်း ပျက်ကွက်သဖြင့် စရန်ငွေပေးသူဘက်မှရွှေ့ဆိုင်း ပေးရန်တောင်းဆိုသောကြောင့် ၁-၆-၂၀၂၃ ရက်စွဲပါစာချုပ်ဖြင့် သက်တမ်း တိုး၍ ၁၂-၃-၂၀၂၃ ရက်အစား ၁၅-၁-၂၀၂၄ ရက်သို့ ပြောင်းရွှေ့ သတ်မှတ်ခဲ့ သော်လည်းစရန်ငွေပေးသူများမှထပ်မံပျက်ကွက်သဖြင့် ကျွန်ုပ်မိတ်ဆွေသည် ရှေ့နေမှတစ်ဆင့် ၂-၁၁-၂၀၂၄ ရက်တွင် အကြောင်းကြားစာပေးပို့သည့် ရက်မှစ၍ (၇)ရက်အတွင်း ကျန်ငွေများကို လာရောက်ပေးချေပါက သည်းခံခွင့်လွှတ်ပြီး လက်ခံပေးမည်ဖြစ်ကြောင်းနှင့် လာရောက်ခြင်းမရှိပါက စာချုပ်ပါ အတိုင်း ပေးချေထားသည့် စရန်ငွေအဆုံးဖြစ်ကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း လက်ခံရယူခဲ့ခြင်းမရှိသည့်အပြင် ဆက်သွယ်ခြင်းလည်း လုံးဝမရှိခဲ့ပါ။

ကျွန်ုပ်မိတ်ဆွေနှင့် ဦးကျော်ကျော်ဦးနှင့် ဦးသန့်မြတ်အာကာတို့ ချုပ်ဆိုထားသည် စရန်ပေးစာချုပ် ကတိအတိုင်းပေးအပ်ထားသည့် စရန်ငွေ အဆုံးဖြစ်ကြောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ငါးကန်များအား အခြားသူများသို့ ရောင်းချတော့မည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေပိုင် ငါးကန်များအတွင်းသို့ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဝင်ရောက်ခြင်းမပြုရန် အများသိစေရန် ကြော်ငြာလိုက်သည်။

ဒေါ်မြင့်မြင့်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးနိုင်
တရားလွှတ်တော်ရှေ့နေ
(စဉ်-၈၄၈၆) (၂၅-၁၀-၂၀၁၂)
အမှတ်(၈၅)၊ ခိုင်သော်တာလမ်း၊ (၆)ရပ်ကွက်၊ မအူပင်မြို့

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်း(ကွင်းပိုင်း)၊ အမှတ်(၁၈၅)ရှိ စတုတ္ထထပ်၊ (၄-လွှာ)(လှာခြင်း) အကျယ်အဝန်း ( ၂၀ ပေ X ၅၀ ပေ)ပေရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဖြစ်သော ဒေါ်နန်းဒေါ်လီ ၁၂/အစန(နိုင်)၀၁၆၀၁၃၊ ဒေါ်နန့်နန့်ဌေး ၁၂/အစန (နိုင်)၁၅၈၅၂၃ နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဆုမြတ်မွန်ဘုန်း ၁၂/မဂတ (နိုင်)၀၉၄၅၁၅ တို့သည် နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ် စရန်ပေး ကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆုမြတ်မွန်ဘုန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲအောင်နိုင်ထူး LL.B (စဉ်-၁၈၈၀၃) WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ

ဒေါ်ဖြိုးပိုပို LL.B (စဉ်-၅၄၁၆၈) WIPO (Switzerland) အထက်တန်းရှေ့နေ

ဖုန်း-၀၉-၇၉၁၆၈၆၃၃၄၊ ၀၉-၄၅၀၀၄၅၁၈၇

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း(၁)လမ်း၊ အမှတ် (၁၆/B)၊ တတိယထပ်၊ (၃-လွှာ)၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂½ပေX ၅၀ပေ)ပေရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်များအရ တရားဝင် ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဝါဝါမြင့်၏(ကိုယ်စား) ဒေါ်သစ်သစ်ဦး ၁၂/တမန(နိုင်)၀၆၀၁၄၉ နှင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်မေနှင်းဆီ ၁၂/ဒဂန(နိုင်)၀၀၄၂၉၄ တို့သည် နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ သည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား မူရင်းများ နှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေနှင်းဆီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲအောင်နိုင်ထူး LL.B (စဉ်-၁၈၈၀၃) WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ

ဒေါ်ဖြိုးပိုပို LL.B(စဉ်-၅၄၁၆၈) WIPO (Switzerland) အထက်တန်းရှေ့နေ

ဖုန်း-၀၉-၇၉၁၆၈၆၃၃၄၊ ၀၉-၄၅၀၀၄၅၁၈၇

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

သဃ်န်းကျွန်းမြို့နယ်တရားရုံး

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈ နှင့် ဆက်နွယ်သည့်

၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၃

ဦးသန့်ဇင် — နှင့် — ၁။ ဒေါ်ဝင်း
၂။ ဦးမြင့်သောင်း
၃။ ဦးကျော်စွာဦး

ဒီကရီအနိုင်ရသူ — တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ညာတိလမ်းသွယ်၊ အမှတ်(၄၉)နေ (၁) တရားရှုံးဒေါ်ဝင်း၊ (၂) တရားရှုံး ဦးမြင့်သောင်း နှင့် (၃) တရားရှုံးဦးကျော်စွာဦး (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့် ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အေးချမ်းပိုင်)
တွဲဖက်မြို့နယ်တရားသူကြီး
သဃ်န်းကျွန်းမြို့နယ်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃စယ/၄၀၈၉၃ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ စမ်းစမ်းအေး ၁၃/ကတန(နိုင်) ၁၃၇၃၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊
တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)
ကျိုင်းတုံမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/39161 Yamaha Fino ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအွေး ၁၃/တခလ(နိုင်) ၀၉၃၇၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၁

၁။ ဒေါ်စန္ဒာမြင့်
၂။ ဒေါ်နီလာမြင့်
၃။ ဦးကိုကိုအောင်
၄။ ဦးမျိုးအောင်
၅။ ဒေါ်ချိုမာမြင့်

(တရားလိုများ) — နှင့် — ဦးဝင်းမောင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ်(၇၅၇) နေ ဦးဝင်းမောင် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးအောင်)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

စာအုပ် စာပေ လူ့မိတ်ဆွေ

## ကျေးဇူးတင်လွှာ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝင်းဝင်းပု
### အသက်(၈၁)နှစ်

(၁၅-၁၁-၂၀၂၄)ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့သော မိခင်ကြီး ဒေါ်ဝင်းဝင်းပု နာမကျန်းစဉ်ကာလအတွင်း မိခင်ကြီး၏ကျန်းမာရေးအတွက် အကောင်းဆုံးအကြံပေး ပြုစုစောင့်ရှောက်ကုသပေးခဲ့ကြပါသော ကျေးဇူးတင်ထိုက်သူ ဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ နာရေးနှင့် ရက်လည် အခမ်းအနားများသို့ ကြွရောက်ပေးခဲ့ကြပါသော ဆရာတော်သံဃာတော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်သားမြေးများ၊ ဈာပနအခမ်းအနားသို့ ပန်းခြင်း၊ သက်န်း၊ ပရိက္ခရာ၊ အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ပေးပို့ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ ရရာနည်းများဖြင့် ကျန်ရစ်သူ မိသားစုဝင်များကို ဆက်သွယ်၍ အားပေးနှစ်သိမ့်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆွမ်းအလှူများနှင့် ရက်လည်အလှူတို့အတွက် လှူဖွယ်၊ စားဖွယ်၊ သောက်ဖွယ်ပေးပို့ လှူဒါန်းကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မိခင်ကြီး မကျန်းမာစဉ်နှင့် ကွယ်လွန်ပြီးချိန်များတွင် ပြည့်စုံသည့်စောင့်ရှောက်ကူညီမှုများပေးခဲ့ကြပါသော ပညာဝတီအိမ်ရာစီမံခန့်ခွဲရေးကော်မတီ၊ အိမ်ရာမိသားစုများ နှင့် အိမ်ရာဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးခဲ့ကြသူများနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ဝင်း(ခ)ဒေါ်မြမြဝင်း(ကဝမြို့)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီ(၂)လမ်း၊ အမှတ်(၃၁)နေ (ဦးရှိန်း-ဒေါ်သောင်းစိန်)တို့၏သမီးကြီး၊ (ဦးထွန်းရီ-ဒေါ်တင်ညွန့်)တို့၏သမီးချွေးမ၊ (ဦးဉာဏ်လင်း)၏ချစ်လှစွာသောဇနီး၊ ဦးနေဝင်း-ဒေါ်ခင်ဆွေလင်း၊ ဦးလင်းမောင်မောင်-ဒေါ်စန်းစန်း၊ ဦးဝင်းထွန်း-ဒေါ်စန္ဒာလင်း၊ ဦးဝင်းမောင်လင်း-ဒေါ်စန္ဒာလင်းတို့၏ အနန္တကျေးဇူးရှင်မိခင်ကြီး၊ မြေး(၆)ယောက်တို့၏အဘွားဖြစ်သူဒေါ်ဝင်း(ခ)ဒေါ်မြမြဝင်းသည် ၂၂-၁၁-၂၀၂၄ရက်(သောကြာနေ့)နံနက် ၂နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄-၁၁-၂၀၂၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ(၂)နာရီမှ(၃နာရီခွဲ)အချိန်တွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ ၂၈-၁၁-၂၀၂၄ရက် (ကြာသပတေးနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဘမောင်
### အသက်(၆၃)နှစ်

ဗိုလ်တထောင်မြို့နယ်နေ (ဦးစံရွှေမောင်)-ဒေါ်သူဇာနုတို့၏သား၊ (ဦးသိန်းအောင်-ဒေါ်ရင်ကြည်)တို့၏သားသမက်၊ (ဒေါက်တာ ညွန့်ဝင်းမြင့်)-ဒေါ်ရင်ကြွယ်သိန်း၊ ဦးဇော်ဝင်းသိန်း၊ ဦးမြင့်အောင်-ဒေါ်ကြည်မေသိန်း၊ ဒေါ်အေးမြသိန်း၊(ဦးအောင်မျိုးထွန်း)-ဒေါ်တင်မေသိန်း၊ (ဦးစိုးကြည်သိန်း)-ဒေါ်ကေသီခိုင်တို့၏အစ်ကို/ညီ/မောင်၊ တူ၊ တူမ(၈)ယောက်၊ မြေး(၈)ယောက်တို့၏အဘိုး၊ ဒေါ်သက်ဆွေသိန်း၏ချစ်လှစွာသောခင်ပွန်း၊မောင်သော်ဇင်ဦး၊ မလင်းသီရိဖြူတို့၏ ဖခင်သည် ၂၂-၁၁-၂၀၂၄ရက် နံနက် ၅:၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၂၄ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူ ဦးဘမောင်အား ရည်စူး၍ ၂၈-၁၁-၂၀၂၄ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ အင်းဝ (၈)လမ်း၊ အမှတ် (၉၇၂) ဟုခေါ်တွင်သည့် အကျယ်အဝန်းပေ (၄၀x၆၀) စတုရန်းပေ (၂၄၀၀)ရှိ ဦးမောင်မောင်အောင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ် ဖြင့်ဝယ်ယူထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဦးကျော်ခိုင်စိုး ၁၂/ဗတထ(နိုင်)၀၃၁၄၄၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာမာစိုး ၁၄/ဟသတ(နိုင်)၀၃၅၃၃၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၅) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကျော်လွန်ချိန်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်ဖြိုးဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၄၆၅၈)**
**အမှတ်(၇၀၈/ခ) သစ္စာ (၂)လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- 09-420135338**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/7325, NISSAN CONDOR MK 12A/Bowser (Fuel) 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးနေလွင်ဦး ၈/ရနခ(နိုင်)၁၀၄၀၁၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွှာသာကြီး)ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၉၁၉၀၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လုဝ/မကန(နိုင်)၀၇၅၆၇၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(မြစ်ကြီးနား)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/50646, Honda Click ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပြည့်စုံ ၅/ကလထ(နိုင်)၂၆၉၅၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကလေးမြို့)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ မို့မို့စိမ်း
### ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (ရောဂါနှိမ်နင်းရေး)(ငြိမ်း)
### မကွေးတိုင်းဒေသကြီး
### အသက်(၆၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(ရောဂါနှိမ်နင်းရေး)(ငြိမ်း) ဒေါက်တာမို့မို့စိမ်းအသက်(၆၆)နှစ်သည် ၂၁-၁၁-၂၀၂၄ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ နန္ဒဝင်း**
**(ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး)**
**နှင့်ဝန်ထမ်းမိသားစုများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မာလှိုင်
### B.E (Civil) (1985)
### အသက် (၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ကမ္ဘောဇရိပ်သာလမ်း၊ ခြံအမှတ် (၁၈-စီ)နေ (ဦးစိန် လှိုင်-ဒေါ်တင်တင်မြ)တို့၏သမီး၊ ဦးတင်စိုး B.E (Civil) (1983)၏ဇနီး၊ ဦးရဲပြည့်စိုးလှိုင်-ဒေါ်အိခိုင်မွန်တို့၏ ချစ်လှစွာသောမိခင်၊ မယွန်းဝသန်စိုးလှိုင်၊ မောင်အောင်လင်းပြည့်စိုးလှိုင်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး၊ ဒေါ်ဥမ္မာလှိုင်၏ညီမ၊ ဦးသန့်လှိုင်-ဒေါ်ခင်မေချိုတို့၏အစ်မသည် ၂၁-၁၁-၂၀၂၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၂၃-၁၁-၂၀၂၄ရက် (စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) (ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
# ဒေါ်ခန်းရင် (ကချင်လုံချည်)
## အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သီရိဂုဏ်အိမ်ရာ၊ (၁၆/၂)ရပ်ကွက်၊ သုဒဿနလမ်းနှင့် သီရိဂုဏ်အိမ်ရာလမ်းထောင့်၊ ဒေါ်ခန်းရင်(ကချင်လုံချည်ဆိုင်) နေ (ဦးလီဆူးစိန်-ဒေါ်ဟိုပေါက်တီ) တို့၏သမီး၊ (ဦးလီကျားရင့်) ၏ဇနီး၊ ကိုကြည်ရှင်း-မမာမာဦး၊ ကိုကြည်စိန်-မတိန်စွမ်း၊ သမီးများဖြစ်ကြသော(ကိုဇော်ဦး)-မအားဖိန်း၊ ကိုချမ်းသာ-မသန်းညွှာ(ခ)မတင်တင်မြ၊ ကိုကျော်မိုးဆွေ-မစိန်အေး၊ မမေလေး၊ မထွေးလေး၊ ကိုအားစန်း-မအားလီ၊ ကိုရဲနိုင်-မကြို့မိန်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး(၂၁)ယောက်၊ မြစ်(၁)ယောက်တို့၏အဘွား ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခန်းရင်(ကချင် လုံချည်) အသက်(၈၆)နှစ်သည် ၂၁-၁၁-၂၀၂၄ရက် (ကြာသပတေးနေ့) ည(၁၁:၁၈)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသော ကြောင့် ၂၃-၁၁-၂၀၂၄ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်နှင့် ကွယ်လွန်သူအားရည်စူးလျက် ၂၇-၁၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာ ဦးသန့်ဇင်
### လက်ပိုင်းဆိုင်ရာခွဲစိတ်ကုဆရာဝန်ကြီး
### အသက် (၈၆) နှစ်

ရွှေဘိုမြို့နေ (ဦးအောင်မြ-ဒေါ်အေးမေ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် (၃)၊ အေးရိပ်မွန် (၂)လမ်းနေ(ဒေါ်ခင်မန်း) ၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာ ယောဟန်-ဒေါက်တာမီမီဇင်(ခေတ္တ UK)၊ (ဒေါ်သီသီဇင်)၊ ဦးညီညီဇင်- ဒေါ်စန်းစန်းနွယ်တို့၏မွေးသဖခင်၊ (ဦးသန်းတင်-ဒေါ်ခင်ခင်ဦး)တို့၏ညီ၊ (ဦးသန်းဆွေ-ဒေါ်ခင်အေးဝင်း)၊ ဦးကျော် မြင့်-ဒေါ်စိန်ညွန့်ဖြူ(ခေတ္တ USA)၊ (ဦးကျော်တင့်)-ဒေါက်တာလှလှ၊ ဦးဝင်းအောင်ကျော်-ဒေါ်အေးအေးဆွေ၊ ဒေါက်တာ ကျော်ငွေး-ဒေါ်ခင်မာဆွေ၊ (ဒေါက်တာကျော်လေး)၊ (ဒေါ်ညွန့်ညွန့်ဝေ)တို့၏ အစ်ကို၊ မြေး (၃)ယောက်တို့၏အဘိုး၊ တူ/တူမ (၁၁)ယောက်တို့၏ ဦးလေးသည် ၂၀-၁၁-၂၀၂၄ရက် (အင်္ဂါနေ့) ည ၇:၅၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂၂-၁၁-၂၀၂၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ်(CL9)၊ အခန်းအမှတ်(၇၁၀)၊ တိုက်ခန်းအမျိုးအစား (1-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ(၄၈၄) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးအောင်ကျော်ဦး (၁၄/ဝခမ(နိုင်)၁၀၆၈၁၃)နှင့် ဒေါ်ခင်စန်းယုဆွေ (၁၂/တကတ(နိုင်)၁၅၁၁၉၅) တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်နီလွင်ဦး ၁၂/သကတ(နိုင်)၁၄၁၈၁၃ ဖုန်း-၀၉-၄၄၁၁၉၀၀၁၀**

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5S/9259 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ) နယ်မြေခံတပ်ရင်းကျောင်း Grade(9) မှ မောင်ဂျေပြည့်စုံ Grade-(6)မှ မောင်ဆောင်းဝီလျှံနှင့် Grade-4(A) မှ မောင်ဂျေဆာဗိုလ်တို့၏ ဖခင်အမည်မှန်မှာ ဦးခေါ်နီဒါ ၁/မကန(နိုင်)၁၀၈၂၁၉ ဖြစ်ပါကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနိုးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်အစိုးရ၏ ချီးမြှောက်ပံ့ပိုးမှုနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ပါရဂူဘွဲ့အထိပေးအပ်နိုင်ရန် ၂၀၂၅ ခုနှစ် ပညာသင်နှစ်ကစတင်ပြီး ပါရဂူသင်တန်းများကို ဖွင့်လှစ်နိုင်တော့မည်

နေပြည်တော် နိုဝင်ဘာ ၂၂

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနိုးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❑






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနိုးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။


ယနေ့ *သတင်းအညွှန်း*

**အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်နှင့်အတူ Naypyitaw State Polytechnic University ကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ပြီ** — တွေ့ဆုံမေးမြန်း — စာ ၁၄

**ခေတ်နဲ့အညီတိုးတက်အောင်၊ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် စာပေဗဟုသုတကြွယ်ဝဖို့လိုတဲ့အတွက် စာများများ ဖတ်စေချင်ပါတယ်** — စာ ၁၅

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားအစီအစဉ်တွင် ဖျော်ဖြေတင်ဆက်မည့် အကအဖွဲ့များ ဇာတ်တိုက်လေ့ကျင့်** — ပြည်တွင်းသတင်း — စာ ၁၉